# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**The Mirror Daily**

Established in 1957

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်၊ စနေနေ့။ Saturday, 8 April 2023 ၁၁၀၆၄


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ သုံးဦးသုံးဖလှယ် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၇

မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ သုံးဦးသုံးဖလှယ် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် တွေ့ဆုံဆွေးနွေးရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာ၊ လာအိုနိုင်ငံဝန်ကြီးချုပ် ဆုံဆိုင်းဆီဖန်ဒုံနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာ၏ ဆွေးနွေးချက်

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဦးစွာ ထိုင်းနိုင်ငံဝန်ကြီးချုပ်က ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြင့် မိမိတို့အချင်းချင်း ယုံကြည်မှု၊ နားလည်မှုများဖြင့် ဖြေရှင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုကိစ္စသည် သုံးနိုင်ငံရှိ ပြည်သူများ၏ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများကို ထိခိုက်စေလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လက်တွဲဖြေရှင်းရမည်ဖြစ်ပြီး အကောင်းဆုံး ဖြေရှင်းနိုင်ရန်အတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သတင်းအချက်အလက်များကို မျှဝေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဖြေရှင်းဆောင်ရွက်ခြင်းသည် မိမိတို့ပြည်သူများအတွက် ဆောင်ရွက်သည့် အစည်းအဝေးတစ်ခုပင်ဖြစ်ကြောင်း ပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ○





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာနှင့် လာအိုနိုင်ငံဝန်ကြီးချုပ် ဆုံဆိုင်းဆီဖန်ဒုံတို့ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ သုံးဦးသုံးဖလှယ် အစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်ဖြင့် တွေ့ဆုံဆွေးနွေးစဉ်။




ကြေးမုံ

# ပြည်ထောင်စုကိုထာဝစဉ်ကာကွယ် မျိုးချစ်စိတ်ဓာတ်ဖြင့်စောင့်ရှောက်

ပြည်ထောင်စုကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသူ နိုင်ငံသားအားလုံးတွင်လည်း တာဝန်ရှိပါသည်။ နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် ကာကွယ်စောင့်ရှောက်နေကြသည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်မှာ တပ်မတော်၏တာဝန်ဖြစ်သော်လည်း နိုင်ငံသူ နိုင်ငံသားများကလည်း အတူပူးပေါင်းလက်တွဲ၍ ကာကွယ်စောင့်ရှောက်ပါမှ မိမိတို့နိုင်ငံ အစွန့်ရှည်တည်တံ့ခိုင်မြဲပြီး နိုင်ငံတကာအလယ်တွင် တင့်တယ်စွာရပ်တည်နေထိုင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတွင် တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်ခဲ့သည်။ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အဘက်ဘက်တွင် ပြည့်စုံကောင်းမွန်သည်ဖြစ်၍ နယ်ချဲ့နိုင်ငံကြီးများက မျက်စိကျသည်။ ထို့ကြောင့် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး ပရိယာယ်အမျိုးမျိုးဖြင့် ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက်သည်။ အချုပ်အခြာအာဏာကိုထိပါးခံရပြီး နိုင်ငံကျွန်ဘဝသို့ရောက်ခဲ့သည့် သင်ခန်းစာရှိခဲ့သည်။ တိုင်းရင်းသားပြည်သူများအနေဖြင့် တပ်မတော်နှင့်အတူ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း လွတ်လပ်ရေးရပြီးနောက် ညီညွတ်ရေးပျက်ပြားသဖြင့် မတည်ငြိမ်မှု၊ မငြိမ်းချမ်းမှုများ ယနေ့ထက်တိုင်ရှိနေသည်ကို သင်ခန်းစာယူရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏သမိုင်းကြောင်းတစ်လျှောက် ပြည်တွင်းမညီညွတ်မှု၊ ပြည်ပစွက်ဖက်မှုတို့ကြောင့် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ ပျက်ပြားထိပါးခံခဲ့ရခြင်းဖြစ်သည်။ လွတ်လပ်ရေးရရှိပြီးနောက် လူမျိုးရေး၊ ဝါဒရေး၊ ဂိုဏ်းဂဏရေးတို့ကြောင့် တိုင်းပြည် မီးဟုန်းဟုန်းတောက်လောင်သည်အထိ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများဖြစ်ပေါ်ခဲ့သည်။ ပြည်ပမှ တရုတ်ဖြူကျူးကျော်မှု၊ မူဂျာဟစ်သောင်းကျန်းမှု၊ ကွမ်းလုံရက် ၄၀ တိုက်ပွဲ၊ မုံးကိုး၊ လောက်ကိုင် လွတ်မြောက်နယ်မြေဖြစ်ရေး အကြမ်းဖက်တိုက်ခိုက်မှုများကို တပ်မတော်သည် အမျိုးသားရေးစိတ်ဓာတ်အပြည့်အဝဖြင့် ကာကွယ်နိုင်ခဲ့သည်။ ယနေ့ထက်တိုင်အောင်လည်း ပြည်ပစွက်ဖက်မှု၊ ပြည်တွင်းသောင်းကျန်းမှုများကို နိုင်ငံချစ်စိတ်ဖြင့်ပင် အသက်သွေးပေးဆပ်၍ ကာကွယ်လျက်ရှိသည်။

နိုင်ငံတော်ကာကွယ်ရေးနှင့်ပတ်သက်၍ မျက်မှောက်ကာလ စစ်ပွဲပုံစံများသည် ဘက်စုံစစ်ပွဲပုံစံဖြင့် ဖန်တီးနေသည်ကို တွေ့ရမည်ဖြစ်သည်။ အဓိကလက်နက်မှာ ပြည်တွင်း၌ ညီညွတ်ရေးပျက်ပြားအောင်ဖန်တီးပြီး တိုင်းပြည်ပြိုကွဲပျက်စီးအောင် ပြုလုပ်နေခြင်းပင်ဖြစ်သည်။ အင်အားကြီးနိုင်ငံအချို့က ဖွံ့ဖြိုးဆဲနိုင်ငံငယ်များနှင့် ဖွံ့ဖြိုးပြီးနိုင်ငံအချို့အပေါ် စွက်ဖက်နှောင့်ယှက်မှုများ ပြုလုပ်နေသည်ကိုတွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအပေါ်တွင် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေးနှင့် ဝါဒဖြန့်ချိရေးစသည့် နယ်ပယ်ပေါင်းစုံမှ ထိုးနှက်တိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိသည်။ သွေးခွဲလွှမ်းမိုးမှုကို ခံရသူများအနေဖြင့် နိုင်ငံရေးကိုအကြောင်းပြု၍ ပြည်တွင်း၌ အကြမ်းဖက်လုပ်ရပ်များ လုပ်ကိုင်လာကြသည်။ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအရ အဘက်ဘက်တွင် ဖြိုလှဲဖျက်ဆီးနိုင်ရန် ကြိုးပမ်းနေကြသည်။

မျက်မှောက်ကာလတွင် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်လျက်ရှိရာ၌ ပြည်ပစွက်ဖက်မှုများ၊ သွေးခွဲမှုများနှင့်အတူ နိုင်ငံရေးအရ အမြတ်ထုတ်မှုများ ရှိလာသည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဒီမိုကရေစီစနစ်ကို ပျက်ပြားအောင် ပြုလုပ်လာပြီး နိုင်ငံတော်အာဏာကို အဓမ္မရယူရန် ကြိုးပမ်းအားထုတ်လာသဖြင့် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့ရသည်။ တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးသည် တိုင်းပြည်အတွက် အသက်တမျှအရေးကြီးသောအချက်များဖြစ်သည်။

ယင်းတို့ကို ပြိုပျက်စေရန် ပြည်ပမှ နယ်ချဲ့လက်သစ်များနှင့် ပြည်တွင်းမှ အမျိုးသားသစ္စာဖောက်များက အစဉ်ကြံစည်အားထုတ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်ကို ပြိုလဲပျက်စီးခြင်းမရှိစေရန် အဓိကကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး ကာကွယ်စောင့်ရှောက်သောသူကို အစဉ်ထိုးနှက်တိုက်ခိုက်လျက်ရှိသည်။ နိုင်ငံတော်ကို ပြည်တွင်းအားဖြင့် ကာကွယ်စောင့်ရှောက်နိုင်ခြင်းမရှိပါက တိုင်းပြည်ပြိုလဲပျက်စီးသွားမည်ဖြစ်သည်။ ယနေ့ထက်တိုင် တိုင်းပြည်တွင် မငြိမ်းချမ်းမှုများကို ဖန်တီးလုပ်ဆောင်လျက်ရှိပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာသာသနာရေးစသည့် ကဏ္ဍပေါင်းစုံတွင်ပါ ထိုးနှက်ဖျက်ဆီးမှုများပြုလုပ်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းပြည်ပြိုကွဲပျက်စီးစေရန် အစဉ်အားထုတ်နေသည့် ပြည်တွင်း၊ ပြည်ပအန္တရာယ်အမျိုးမျိုးကို ကာကွယ်နေသည့် တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံး လက်တွဲပူးပေါင်း၍ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် တိုင်းပြည်ကို ဆက်လက်ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အကြောင်းအရာအပြည့်အစုံအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန Website တွင် ဖော်ပြထား

နေပြည်တော် မေ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အကြောင်းအရာ အပြည့်အစုံအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန Website တွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ ( ၁ ) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| ( ၁ ) ဦးစိုးမြင့် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ( ၂ ) ဦးမျိုးမြင့် | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တန်ခူးလဆုတ်(၉)ရက်နေ့မှ (၁၂)ရက်နေ့အထိ (၂၀၂၃ ခုနှစ် မေလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်မဟာသင်္ကြန် မဏ္ဍပ်၌ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှ ဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်ရာ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လည်းကောင်း၊ ဆူးလေဘုရားလမ်းအား အနော်ရထာလမ်းမှ ကုန်သည်လမ်းအထိလည်းကောင်း နံနက် ၀၇:၀၀ အချိန်မှ ညနေ ၁၈:၀၀ အချိန်အထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၇ – ၄ –၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၉၀၀ | ၈,၀၀၀ | ၂၆၃ | ၂,၀၉၂,၇၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၄၇၈ | ၁,၄၃၄,၀၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၀ | ၀ |
| FPB | ၁,၄၅၀ | ၁,၅၀၀ | ၄,၁၀၁ | ၅,၉၅၁,၅၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၇ | ၁၈,၂၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၇

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၉၂.၀ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၅.၅၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၅၆၆ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၆.၉၅ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၆၆၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၃.၃ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၇၉.၂ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၉၃.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၉.၄၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ **လက်ရှိအချိန်တွင် မြေပြင်အခြေအနေနှင့်ကိုက်ညီသည့် မီးလောင်ကျွမ်းမှုအချက်အလက်များ ရရှိနိုင်ရေးနှင့် လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာရေးကိရိယာများ တည်ထောင်နိုင်ရေး အပါအဝင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု၊ တောမီးနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် လောင်ကျွမ်းသည့်မီးများကို ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်သွားမည်**

❖ **မိမိတို့ အိမ်နီးချင်းနိုင်ငံများ ပူးပေါင်းပြီး နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ထိန်းချုပ်ဆောင်ရွက်သွားကြရမည်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဆွေးနွေးချက်

○ ရှေ့ဖုံးမှ

ယင်းနောက် ထိုင်းနိုင်ငံ သယံဇာတဝန်ကြီးဌာန လေထုညစ်ညမ်းမှုထိန်းသိမ်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့အနေဖြင့် မီးခိုးမြူငွေ့များကြောင့် လေထုညစ်ညမ်းမှုပြဿနာကို ရင်ဆိုင်နေရသည့်အခြေအနေများ၊ သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**လာအိုနိုင်ငံဝန်ကြီးချုပ် ဆုံဆိုင်းဆီဖန်ဒုံ၏ ဆွေးနွေးချက်**

ထို့နောက် လာအိုနိုင်ငံဝန်ကြီးချုပ်က ပြောကြားရာတွင် လက်ရှိ မိမိတို့သုံးနိုင်ငံ ရင်ဆိုင်နေရသည့် လေထုညစ်ညမ်းမှုသည် ဘုံဖြေရှင်းရမည့် ကိစ္စရပ်တစ်ခုပင်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ရည်မှန်းချက်ထားပြီး ကာကွယ်တားဆီးရေး ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူလူထုမှ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် တိုက်တွန်း ဆောင်ရွက်လျက်ရှိကြောင်း၊ တောမီးလောင်ကျွမ်းသည့်နေရာများတွင် သတိပေးဆိုင်းဘုတ်များကပ်ခြင်းနှင့် တောမီးလောင်ကျွမ်းမှုများကို ပျံ့နှံ့မှုမရှိအောင်လည်း တားဆီးဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ ရာသီဥတုလေ့လာခြင်းနှင့် ကျန်ရှိသည့် လိုအပ်သည့် ကိစ္စရပ်များကိုလည်း တားဆီးကာကွယ်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အတွေ့အကြုံများအပေါ် မူတည်ပြီးလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၃-၂၀၂၄ အာဆီယံ၏ လေထုညစ်ညမ်းမှုတိုက်ဖျက်ရေး သဘောတူညီချက်အရ မိမိတို့အနေဖြင့် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာအကူအညီများဖြင့် ဖြစ်နိုင်သမျှအခြေအနေ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် လေထုညစ်ညမ်းမှုကို တိုင်းတာသည့်ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းအချက်အလက် မျှဝေခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ တောမီးလောင်ကျွမ်းမှုများကိုလည်း တားဆီးကာကွယ်လျက်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် တောမီးလောင်ကျွမ်းမှုနှင့် လေထုညစ်ညမ်းမှုများကို ကာကွယ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရေရှည်အတွက် ကြိုတင်မြော်တွေးပြီး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ လာအိုနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့၏ လေထုညစ်ညမ်းမှုကာကွယ်ရေးသဘောတူညီချက်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အစည်းအဝေးသည် မိမိတို့သုံးနိုင်ငံအကြား ကြုံတွေ့နေရသည့် လေထုညစ်ညမ်းမှုပြဿနာ ပထမဆုံးအစည်းအဝေးဖြစ်ကြောင်း ပြောကြားသည်။

❖ **မိမိတို့သုံးနိုင်ငံ ရင်ဆိုင်နေရသည့် လေထုညစ်ညမ်းမှုသည် ဘုံဖြေရှင်းရမည့် ကိစ္စရပ်တစ်ခုပင်ဖြစ်၊ မိမိတို့အစိုးရအနေဖြင့် ရည်မှန်းချက်ထားပြီး ကာကွယ်တားဆီးရေး ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိ၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူလူထုမှ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် တိုက်တွန်းဆောင်ရွက်လျက်ရှိ**

❖ **တောမီးလောင်ကျွမ်းသည့်နေရာများတွင် သတိပေးဆိုင်းဘုတ်များကပ်ခြင်းနှင့် တောမီးလောင်ကျွမ်းမှုများကို ပျံ့နှံ့မှုမရှိအောင်လည်း တားဆီးဆောင်ရွက်လျက်ရှိ၊ အလားတူ ရာသီဥတုလေ့လာခြင်းနှင့် ကျန်ရှိသည့် လိုအပ်သည့် ကိစ္စရပ်များကိုလည်း တားဆီးကာကွယ်လျက်ရှိ**

လာအိုနိုင်ငံဝန်ကြီးချုပ် ဆုံဆိုင်းဆီဖန်ဒုံ၏ ဆွေးနွေးချက်

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဆွေးနွေးချက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားရာတွင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့နှင့် ပူးပေါင်းပြီး ကျင်းပသည့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ သုံးဦးသုံးဖလှယ် ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား အမှာစကားပြောကြားခွင့် ရရှိသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

ဒေသတွင်း ဖြစ်ပေါ်နေသည့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ နောက်ဆုံးဖြစ်ပေါ်နေမှုများအပေါ် ပြဿနာဖြေရှင်းနိုင်ရေး နည်းလမ်းများရှာဖွေနိုင်ရန် ယခုကဲ့သို့ ဆွေးနွေးပွဲပြုလုပ်ပေးခြင်းအတွက် ထိုင်းနိုင်ငံကို ကျေးဇူးတင်ရှိပါကြောင်း၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် အာဆီယံဒေသအတွင်း ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့၌ မကြာခဏဖြစ်ပေါ်လေ့ရှိသည့် ကိစ္စရပ်တစ်ခုဖြစ်ပါကြောင်း၊ မဲခေါင်ဒေသခွဲနိုင်ငံများတွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှစတင်ခဲ့သည့် တောမီးလောင်ကျွမ်းမှုကြောင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုများသည် ပိုမိုများပြားလာပါကြောင်း။

၂၀၂၃ ခုနှစ် မတ်လ ၂၃ ရက်ကစပြီး မြန်မာနိုင်ငံ အရှေ့ပိုင်း နယ်စပ်ဒေသများနှင့် ထိစပ်နေသည့် ထိုင်းနိုင်ငံ မြောက်ပိုင်းနှင့် လာအိုနိုင်ငံ တောင်ပိုင်းတို့တွင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ အဆိုပါကာလများတွင်လည်း မြန်မာနိုင်ငံအတွင်း ရာသီဥတုပူပြင်းမှုကြောင့် နိုင်ငံအရှေ့ပိုင်း တစ်ခြမ်းလုံးတွင် တောမီးလောင်ကျွမ်းမှု ပိုမိုများပြားခဲ့ပါကြောင်း၊ ASEAN Specialized Meteorological Centre (ASMC) မှ ရရှိသော အချက်အလက်များအရလည်း မီးခိုးမြူငွေ့ သိပ်သည်းစွာဖြစ်ပေါ်မှုသည် ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်တွင် မြန်မာနိုင်ငံ အရှေ့ပိုင်း၌ အနည်းငယ်ဖြစ်ပေါ်ပြီး ထိုင်းနိုင်ငံ မြောက်ပိုင်းနှင့် လာအိုနိုင်ငံ တောင်ပိုင်းတို့တွင် ပိုမိုဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

၂၀၂၃ ခုနှစ် ဧပြီ ၂ ရက်တွင် မြန်မာနိုင်ငံ အရှေ့ပိုင်းနှင့် ထိုင်းနိုင်ငံမြောက်ပိုင်းတို့တွင် အနည်းငယ်သာဖြစ်ပေါ်ပြီး လာအိုနိုင်ငံ တောင်ပိုင်းတွင် ပိုမိုဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၃ ခုနှစ် ဧပြီ ၃ ရက်တွင် မီးခိုးမြူငွေ့ သိပ်သည်းမှုလျော့ပါးပြီး လာအိုနိုင်ငံတောင်ပိုင်းတွင် သိပ်သည်းသော မီးခိုးမြူငွေ့ဖြစ်ပေါ်သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၃ ခုနှစ် ဧပြီ ၄ ရက်တွင် မြန်မာနိုင်ငံ အရှေ့ဖျား၊ ထိုင်းနိုင်ငံ မြောက်ပိုင်းနှင့် လာအိုနိုင်ငံ တောင်ပိုင်းတို့တွင် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုမှာ သိပ်သည်းစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

ASEAN Specialized Meteorological Centre (ASMC) က ခန့်မှန်းထားချက်အရ ပူပြင်းခြောက်သွေ့သည့် ရာသီဥတုအခြေအနေသည် မဲခေါင်ဒေသခွဲနိုင်ငံများတွင် ယခုနှစ် မေလခန့်အထိဖြစ်ပေါ်ပြီး မီးလောင်ကျွမ်းမှုနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုများ ပိုမိုဖြစ်ပေါ်လာနိုင်သည်ဟု သိရှိရပါကြောင်း၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ပြီး ဒေသတွင်းနိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် ASMC မှ ရရှိသော Fire Hotspot အချက်အလက်များကို နေ့စဉ်စောင့်ကြည့်ပြီး တိုင်းဒေသကြီး/ပြည်နယ်များသို့ပေးပို့၍ Fire Hotspot လျှော့ချရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် မြန်မာ၊ ထိုင်း၊ လာအိုနှင့် နယ်စပ်ဖြစ်သည့် ရှမ်းပြည်နယ်တွင် Fire Hotspot လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံဧရိယာများအလိုက် နှိုင်းယှဉ်လေ့လာပါက ၂၀၂၂ ခုနှစ်တွင် ၁၀၀၀ စတုရန်းကီလိုမီတာတွင် Fire Hotspot အရေအတွက်မှာ မြန်မာနိုင်ငံအနေဖြင့် ၅၆ ခုခန့် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး လာအိုနိုင်ငံအနေဖြင့် ၁၇၁ ခုခန့်၊ ထိုင်းနိုင်ငံအနေဖြင့် ၁၁ ခုခန့် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

၂၀၂၃ ခုနှစ် မတ်လတွင် ၁၀၀၀ စတုရန်းကီလိုမီတာတွင် Fire Hotspot အရေအတွက် မြန်မာနိုင်ငံအနေဖြင့် ၃၂ ခုခန့်၊ လာအိုနိုင်ငံအနေဖြင့် ၁၁၇ ခုခန့်နှင့် ထိုင်းနိုင်ငံအနေဖြင့် ကိုးခုခန့် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများနှင့် ၂၀၁၇ ချင်းရိုင်လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အလေးထား ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ (၁၀)ကြိမ်မြောက် မဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးတွင် မီးလောင်နိုင်ခြေရှိသောနေရာများ အရေအတွက် ၁၆၇၅၀၀ အား အခြေခံအဖြစ် သတ်မှတ်ပြီး ၂၀၂၂ ခုနှစ်တွင် အရေအတွက် ၂၀ ရာခိုင်နှုန်း လျှော့ချနိုင်ရေးအတွက် မြန်မာနိုင်ငံမှ အလေးထား ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သည့် Fire Hotspot အရေအတွက် ၅၆၄၁၉ ခုနှင့် နှိုင်းယှဉ်ပါက ၂၀၂၂ ခုနှစ်တွင် ၃၇၉၇၇ ခု ဖြစ်သဖြင့် ၃၃ ရာခိုင်နှုန်းလျှော့ချနိုင်သည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် Fire Hotspot လျှော့ချရေးနှင့် မီးခိုးမြူငွေ့ထိန်းချုပ်ရေးအတွက် နိုင်ငံအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းထားရှိပြီး လုပ်ငန်းအစီအမံများ ရေးဆွဲလျက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တောမီးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုများကို ထိန်းချုပ်နိုင်ရန်အတွက် နိုင်ငံအလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ လက်ရှိအချိန်တွင် မြေပြင်အခြေအနေနှင့် ကိုက်ညီသည့် မီးလောင်ကျွမ်းမှုအချက်အလက်များ ရရှိနိုင်ရေးနှင့် လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာရေး ကိရိယာများ တည်ထောင်နိုင်ရေး အပါအဝင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု၊ တောမီးနှင့် အခြား အကြောင်းအမျိုးမျိုးကြောင့် လောင်ကျွမ်းသည့်မီးများကို ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါအချက်ကြောင့် မိမိတို့ အိမ်နီးချင်းနိုင်ငံများ ပူးပေါင်းပြီး နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ထိန်းချုပ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့်လည်း “မြန်မာနိုင်ငံတွင် လေထုအတွင်း PM2.5 ပါဝင်မှု လျှော့ချနိုင်ရေးအတွက် လေထုအရည်အသွေး စီမံခန့်ခွဲမှုမြှင့်တင်ခြင်းဆိုင်ရာစီမံကိန်း”ကို မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့သည့် ထိုင်းနိုင်ငံကို ကျေးဇူးတင်ရှိပါကြောင်း။

နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလမ်းပြမြေပုံ (Roadmap on ASEAN Cooperation towards Transboundary Haze pollution Control) ကို ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ယင်းလမ်းပြမြေပုံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးအတွက် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် မဟာဗျူဟာမြောက်မှုဘောင်တစ်ခု ဖြစ်ပါကြောင်း၊ အနာဂတ်တွင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ထိန်းချုပ်ရာ၌ ပူးပေါင်းစီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် မရှိမဖြစ်အရေးပါသည်ကိုလည်း အဓိကထား ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ဒေသ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို တက်ကြွစွာ မြှင့်တင်နိုင်ရန် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေး Fire Hotspot အရေအတွက် လျှော့ချရေးနှင့် ASMC မှရရှိသော မီးလောင်နိုင်ခြေရှိသောနေရာများနှင့် ပတ်သက်သည့် စာရင်းအင်းများကို မြေပြင်တွင် ကွင်းဆင်းဆန်းစစ်ခြင်း၊ ဖြစ်ပေါ်ရသည့် အကြောင်းအရင်းကို လေ့လာဆန်းစစ်ခြင်း၊ မီးဘေးအန္တရာယ် တားဆီးကာကွယ်ခြင်း၊ ငြိမ်းသတ်ခြင်း၊ ပြန်လည်ထူထောင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ တောမီးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်နှင့် စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာခြင်း၊ တောမီးလောင်မှု အန္တရာယ်လျော့နည်းစေရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခြင်း၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးအတွက် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်မည်ဟု ယုံကြည်ပြီး ထိုမှတစ်ဆင့် မိမိတို့နိုင်ငံများ၏ ဒေသအကျိုးဖြစ်ထွန်းမှုအတွက် အနာဂတ်ကာလတွင် အိမ်နီးချင်းနိုင်ငံများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

**ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ ထပ်မံဆွေးနွေးချက်**

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်က ပြောကြားရာတွင် ယခုကိစ္စရပ်သည် အာဆီယံဒေသတွင်း မိမိတို့ရင်ဆိုင်နေရသော သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ကြောင်း၊ **စာမျက်နှာ ၄ သို့** ○

○ စာမျက်နှာ ၃ မှ

တောမီးလောင်ကျွမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် လေထုညစ်ညမ်းမှုများကြောင့် သုံးနိုင်ငံစလုံးရှိ ပြည်သူများ၏ ကျန်းမာရေးကဏ္ဍနှင့် အခြားကဏ္ဍများကို ထိခိုက်စေလျက်ရှိကြောင်း၊ ထိုသို့ မဖြစ်ပေါ်စေရေး ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ မြန်မာ၊ ထိုင်း၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ပူပြင်းသည့် ရာသီဥတုများရှိကြောင်း၊ လေထုညစ်ညမ်းမှုများကို ဖြေရှင်းနိုင်ရန်အတွက် အဆင့်ဆင့်သော အဖွဲ့အစည်းများဖွဲ့စည်း၍ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခု လေထုညစ်ညမ်းမှုများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် စိုက်ပျိုးရေးနေရာများကို မီးရှို့ခြင်း၊ စွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်းစသည့်ကိစ္စရပ်များကို ပြည်သူလူထုအတွင်း အသိပညာပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

လိုအပ်သည့် ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် လေထုအတွင်း PM2.5 ပါဝင်မှုနှင့် ပတ်သက်ပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မီးရှို့ခြင်း၊ တောမီးလောင်ကျွမ်းခြင်းများကို ဖြေရှင်းရန်အတွက်

## ❖ ယခုကိစ္စရပ်သည် အာဆီယံဒေသတွင်း မိမိတို့ရင်ဆိုင်နေရသော သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်၊ တောမီးလောင်ကျွမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် လေထုညစ်ညမ်းမှုများကြောင့် သုံးနိုင်ငံစလုံးရှိ ပြည်သူများ၏ ကျန်းမာရေးကဏ္ဍနှင့် အခြားကဏ္ဍများကို ထိခိုက်စေလျက်ရှိ၊ ထိုသို့ မဖြစ်ပေါ်စေရေး ထိန်းသိမ်းဆောင်ရွက်ရန်လို

**ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာ၏ ဆွေးနွေးချက်**

တစ်နိုင်ငံတည်း ဆောင်ရွက်၍ မရဘဲ လိုအပ်သည့် ပစ္စည်းကိရိယာများဖြင့် ရင်ဆိုင်ဖြေရှင်းသွားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အဆင့်အားလုံးတွင် လက်တွဲပူးပေါင်း ဆောင်ရွက်သွားရန်လိုကြောင်း၊ လေထုအတွင်း PM2.5 ပါဝင်မှုနှင့်ပတ်သက်၍ လေ့လာပြီး ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်သည့်အတွက် ယခုကဲ့သို့ မြန်မာ၊ လာအိုနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လေထုညစ်ညမ်းမှုများကြောင့် ပြည်သူများ၏ ကျန်းမာရေးနှင့် အခြားသော ကိစ္စရပ်များကို ရင်ဆိုင်ရလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လေထုညစ်ညမ်းမှုလျှော့ချရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မိမိတို့ သုံးနိုင်ငံအနေဖြင့် နယ်စပ်လေထုဖြတ်ကျော်ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်လည်း ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ချင်းရိုင်စီမံချက်အတိုင်း ဆောင်ရွက်ရန်လိုကြောင်း။

စွန့်ပစ်ပစ္စည်းများ မီးရှို့ပြီး အသေးစား ဘိုင်အိုဂက်စ်များ ထုတ်လုပ်ခြင်းနှင့် စွန့်ပစ်ပစ္စည်းများကို အဝတ်အထည်ထုတ်လုပ်ခြင်းသည် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေကြောင်း၊ ယခုကဲ့သို့ လေထုညစ်ညမ်းမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် နိုင်ငံအလိုက် ဥပဒေများ၊ တိုက်တွန်းဆောင်ရွက်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် နယ်စပ်ဖြတ်ကျော် လေထုညစ်ညမ်းမှုကို ဖြေရှင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံများအနေဖြင့် နယ်စပ်ဖြတ်ကျော်လေထုညစ်ညမ်းမှုများကို တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းမှုများဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုကို ကျော်လွှားရမည် ဖြစ်ကြောင်း ပြောကြားသည်။

### မြန်မာနှစ်သစ်ကူးအတာသင်္ကြန်ကာလအတွက် ဆုမွန်တောင်း

ဆက်လက်၍ ထိုင်းနိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ပြည်သူများအားလုံး ကျန်းမာပျော်ရွှင်ကြပြီး လုပ်ငန်းများ အောင်မြင်ပါစေကြောင်း၊ လာအိုနိုင်ငံဝန်ကြီးချုပ်နှင့် ပြည်သူများလည်း နှစ်သစ်ကူးအခါသမယတွင် ကျန်းမာပျော်ရွှင်ပြီး လုပ်ငန်းများ အောင်မြင်ပါစေကြောင်း ဆုမွန်တောင်းစကားပြောကြားသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်အကြံပြုဆွေးနွေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထပ်မံအကြံပြုပြောကြားရာတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ ဆွေးနွေးချက်များကို မိမိအနေဖြင့် လက်ခံပါကြောင်း၊ သုံးနိုင်ငံအကြား ခံစားနေရသည့် မီးခိုးနှင့် လေထုညစ်ညမ်းမှုများကို သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အဆိုပြုချက်နှစ်ခုကို ပြောကြားလိုပါကြောင်း၊ ပထမအချက်အနေဖြင့် မိမိတို့နိုင်ငံပြည်သူများ၏ အများစုမှာ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်ကြောင်း၊ သုံးနိုင်ငံနယ်စပ်ဒေသတွင် စိုက်ပျိုးရေးဆောင်ရွက်ရာတွင် တောင်ယာစိုက်ပျိုးမှုများကိုလည်း လျှော့ချရန်လိုကြောင်း၊ အလားတူ ကုန်းမြင့်လယ်စိုက်ပျိုးခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် မြေဩဇာရရှိနိုင်ရေးကိစ္စရပ်များကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ ဒုတိယအချက်အနေဖြင့် စွန့်ပစ်ပစ္စည်းပြဿနာကလည်း ကြီးမားကြောင်း၊ နယ်စပ်ဒေသများတွင် ပိုမိုများပြားသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ရန်နှင့် နည်းပညာများအသုံးပြုဆောင်ရွက်ရန်လိုကြောင်း၊ နယ်စပ်ဖြတ်ကျော် လေထုညစ်ညမ်းမှုကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ထိုင်းဝန်ကြီးချုပ်၏ ပြောကြားချက်များကို လက်ခံသဘောတူညီပါကြောင်းနှင့် မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလေထုညစ်ညမ်းမှုများကို အမြန်ဆုံးဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် မိမိတို့သုံးနိုင်ငံအနေဖြင့် အရှိန်အဟုန်ပြင်းပြင်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်နှင့် နှစ်နိုင်ငံပြည်သူပြည်သူများအားလုံး ယခုကဲ့သို့နှစ်သစ်ကူးသင်္ကြန်ကာလတွင် ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်တောင်းစကားပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့်စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်

**နေပြည်တော် ၇-၄-၂၀၂၃**

နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ဖြစ်ပေါ်နိုင်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ ASEAN Specialized Meteorological Center (ASMC) မှ ထုတ်ပြန်ထားချက်များအရ-

- ❖ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် မဲခေါင်ဒေသခွဲနိုင်ငံများတွင် မီးလောင်ကျွမ်းမှုနှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုများ များပြားလာပြီး ၂၀၂၃ ခုနှစ် မတ်လ ၂၃ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံအရှေ့ပိုင်း နယ်စပ်ဒေသများနှင့်ထိစပ်နေသည့် ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် လာအိုနိုင်ငံတောင်ပိုင်းတို့တွင် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှု ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။
- ❖ မဲခေါင်ဒေသခွဲတွင် ၂၀၂၃ ခုနှစ် မေလအထိ ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဖြစ်ပေါ်မည်ဟု ခန့်မှန်းသဖြင့် မီးလောင်ကျွမ်းသည့်နေရာ (Fire Hotspot) ဖြစ်ပေါ်မှု မြင့်တက်မည်ဖြစ်ပြီး နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် ၂၀၂၃ ခုနှစ် မေလအထိ ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းထားပါသည်။

မြန်မာနိုင်ငံသည် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ထိန်းချုပ်နိုင်ရေးအတွက် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Transboundary Haze Pollution – AATHP) တွင် ပါဝင်လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၇ ချင်းရိုင်လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ၂၀၂၂ ခုနှစ်တွင် Fire Hotspot ကို ၃၃ % လျှော့ချနိုင်ခြင်းနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးအတွက် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလမ်းပြမြေပုံ (Roadmap on ASEAN Cooperation towards Transboundary Haze Pollution Control) ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကိုအထူးအလေးထားဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့၏ နယ်နိမိတ်တစ်လျှောက်တွင် လက်ရှိဖြစ်ပေါ်လျက်ရှိသော နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့်စပ်လျဉ်းပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းပြီး ASEAN Specialized Meteorological Center (ASMC) မှ ရရှိသော Fire Hotspot များကို မြေပြင်တွင် ကွင်းဆင်းဆန်းစစ်ခြင်း၊ ဖြစ်ပေါ်ရသည့် အကြောင်းအရင်းကို လေ့လာဆန်းစစ်ခြင်း၊ မီးဘေးအန္တရာယ် တားဆီးကာကွယ်ခြင်း၊ ငြိမ်းသတ်ခြင်း၊ ပြန်လည်ထူထောင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ Fire Hotspot အန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များကို စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာခြင်း၊ Fire Hotspot အန္တရာယ်လျော့နည်းစေရေးအတွက် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်ပေါင်းစပ်ပြီး စီမံချက်များရေးဆွဲခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။


မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့၏ နယ်နိမိတ်တစ်လျှောက်တွင် လက်ရှိဖြစ်ပေါ်လျက်ရှိသော နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**လေထုအရည်အသွေးတိုင်းတာသောစက် (Haz Scanner –EPAZ) ဖြင့် တာချီလိတ်မြို့နယ်တွင် ၆-၄-၂၀၂၃ ရက်နေ့နံနက် (၇:၀၀)နာရီမှ ၇-၄-၂၀၂၃ ရက်နေ့(၇:၀၀)နာရီအထိ လေထုအရည်အသွေးတိုင်းတာချက်အရ ဝန်းကျင်လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index– AQI)အခြေအနေ**

| စဉ် | တိုင်းတာသည့် Parameters | Concentration | AQI | AQI Category |
|---|---|---|---|---|
| 1 | (Particulate matter $PM_{10}$ ) (24hr avg) | 262.8 Hg/$m^3$ | 154 | ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် (Unhealthy) |
| 2 | Sulphur Dioxide $SO_2$ ( 1hr avg) | 0 ppb | 0 | ကောင်းမွန်သောအဆင့် (Good) |
| 3 | Nitrogen Dioxide $NO_2$ ( 1hr avg) | 16.5 ppb | 15 | ကောင်းမွန်သောအဆင့် (Good) |
| 4 | Carbon Monoxide CO ( 8hr avg) | 0 ppm | 0 | ကောင်းမွန်သောအဆင့် (Good) |

**၂၀၂၃ ခုနှစ် ဧပြီလ ၆ ရက်နေ့ မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့၏ မီးလောင်ကျွမ်းရာနေရာ (Fire Hotspot) နှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့များ ဖြစ်ပေါ်မှုအခြေအနေ**




Source: ASEAN Specialized Meteorological Center (ASMC) Website






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အား ကြည့်ရှုအားပေးစဉ်။

# သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးချီးမြှင့်

နေပြည်တော် မေ ၇

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပထမဆုရရှိသည့် နည်းပညာတက္ကသိုလ်(အထက်မြန်မာပြည်)(က) အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် တံခွန်စိုက်ဖလား ပေးအပ်ချီးမြှင့်စဉ်။

## ကြည့်ရှုအားပေး

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက် တက္ကသိုလ်ပေါင်းစုံမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ အားကစားအသင်းများအလိုက် အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကွန်ပျူတာတက္ကသိုလ် (အောက်မြန်မာပြည်) (က)အသင်းနှင့် နည်းပညာတက္ကသိုလ်(အထက်မြန်မာပြည်) (က)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အဆိုပါ အသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့် အညီ တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်ဖိအားပေး အကြိတ်အနယ်ယှဉ်ပြိုင်ကြပြီး ပွဲကစားချိန် ၇ မိနစ်တွင် နည်းပညာတက္ကသိုလ် (အထက်မြန်မာပြည်) (က) အသင်းက အဖွင့်ဂိုးရရှိခဲ့သည်။ ယင်းနောက် နှစ်ဖက်အပြန်အလှန် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပြီး နည်းပညာတက္ကသိုလ် (အထက်မြန်မာပြည်) (က) အသင်းက ကွန်ပျူတာတက္ကသိုလ် (အောက်မြန်မာပြည်)(က)အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

## ပေးအပ်ချီးမြှင့်

ယင်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံး အားကစားသမားဆုရရှိခဲ့ကြသည့် အားကစားသမားများကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဦးဝင်းရှိန်၊ ကောင်စီဝင်များဖြစ်ကြသည့် ဦးရန်ကျော်၊ ဦးရွှေကြိမ်း၊ ဒေါက်တာ ကျော်ထွန်းနှင့် ဒေါက်တာအောင်ကျော်မင်းတို့က လည်းကောင်း၊ စတုတ္ထဆုရရှိသည့် ကွန်ပျူတာတက္ကသိုလ်(အထက်မြန်မာပြည်)(ခ) အသင်းကို ကောင်စီဝင် ဒေါက်တာမှုထန်ကလည်းကောင်း၊ တတိယဆုရရှိသည့် နည်းပညာတက္ကသိုလ် (အောက်မြန်မာပြည်)(က)အသင်းကို ကောင်စီဝင် ဒေါ်ဒွဲဘူက လည်းကောင်း၊ ဒုတိယဆုရရှိသည့် ကွန်ပျူတာတက္ကသိုလ် (အောက်မြန်မာပြည်)(က)အသင်းကို ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပထမဆုရရှိသည့် နည်းပညာတက္ကသိုလ် (အထက်မြန်မာပြည်)(က) အသင်းကို ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပထမဆုရရှိသည့် နည်းပညာတက္ကသိုလ် (အထက်မြန်မာပြည်)(က)အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် တံခွန်စိုက်ဖလားတို့ကို ပေးအပ်ချီးမြှင့်ပြီး အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မြန်မာ့ ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာ့လက်ရွေးစင် ထူးချွန်အားကစားသမားများ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို မတ် ၂၈ ရက်က စတင်၍ အုပ်စု လေးစု၊ အားကစားအသင်း ၁၄ သင်းဖြင့် ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူတို့၏ဆန္ဒအမှန် (သို့မဟုတ်) Noleen Heyzer သို့ အိတ်ဖွင့်ပေးစာ

မင်းခန့်

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စနိုလင်းဟေဇာ ဆီကို အိတ်ဖွင့်ပေးစာ ရေးတယ်ဆိုလို့ ဘယ်သူများလဲလို့ စိတ်ဝင်စားနေကြ ပါလိမ့်မယ်။

ကျွန်တော်က ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ချစ်မြတ်နိုးတဲ့ သာမန်ပြည်သူ တစ်ယောက်သာ ဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတကာအဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေအနေနဲ့ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ပျက်စီးရာပျက်စီးကြောင်း တစ်ဖက်သတ် စွပ်စွဲချက်တွေ၊ ဖိအားပေးမှုတွေကို လက်မခံနိုင်တဲ့ သာမန်ပြည်သူ တစ်ဦးဆိုရင် ပိုမှန်ပါလိမ့်မယ်။ **သာမန်ပြည်သူတစ်ဦးအနေနဲ့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ်ဆီကို ဒီလိုအိတ်ဖွင့်စာပေးပို့ခြင်းကလည်း ဒီမိုကရေစီအခွင့်အရေးအရ မိမိရဲ့ထင်မြင်ယူဆချက်၊ ခံစားချက်တွေကို သက်ဆိုင်ရာပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ သိရှိနိုင်အောင် ပေးပို့ရခြင်းဖြစ်ပါတယ်။ ဒီစာကို သက်ဆိုင်သူထံရောက်အောင် နည်းမျိုးစုံနဲ့ ပေးပို့ထားပြီးဖြစ်သလို နိုင်ငံတကာနဲ့ အများပြည်သူ သိရှိနိုင်အောင် အခုလို ဆောင်းပါးရေးသားဖော်ပြရခြင်းဖြစ်ပါတယ်။**

ဒီအိတ်ဖွင့်ပေးစာမှာ ရေးသားထားတဲ့ အချက်တွေကတော့ ပြီးခဲ့တဲ့ မတ်လ ၁၆ ရက်နေ့က နိုလင်းဟေဇာအနေနဲ့ ကုလသမဂ္ဂ အထွေထွေညီလာခံမှာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး တစ်ဖက်သတ် စွပ်စွဲပြောကြားချက်တွေကို တုံ့ပြန်အသိပေးထောက်ပြလိုရင်း ဖြစ်ပါတယ်။ သက်ဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးဌာနက ဘယ်လိုတုံ့ပြန်ထားတယ်ဆိုတာ မသိပေမယ့် နိုလင်းဟေဇာရဲ့ ပြောကြားချက်တွေဟာ တည်ဆဲအစိုးရကို ဆန့်ကျင်နေတဲ့ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေရဲ့ လူမှုကွန်ရက်က အခြေအမြစ်မရှိတဲ့ သတင်းအတု၊ သတင်းအမှားတွေ၊ ဝါဒဖြန့်မှုတွေ၊ ပေးပို့ချက်တွေကို အခြေခံပြီး သံယောင်လိုက် ပြောဆိုထားခြင်းဖြစ်တာကြောင့် ယခုလို အိတ်ဖွင့်ပေးစာပေးပို့ရခြင်းဖြစ်ပါတယ်။

နိုလင်းဟေဇာက မြန်မာနိုင်ငံမှာ တပ်မတော်က အာဏာရယူလိုက်ခြင်းကြောင့် အကြီးအကျယ် ပျက်စီးနေပြီလို့ ဆိုပါတယ်။ နိုလင်းဟေဇာ သိသင့်တာက မြန်မာနိုင်ငံမှာဖြစ်နေတဲ့ အကြမ်းဖက်လုပ်ရပ်တွေဟာ တပ်မတော်က အာဏာထိန်းလိုက်လို့ ဖြစ်ပေါ်လာတာမဟုတ်ဘဲ NLD ပါတီမှ အကြမ်းဖက်မှုကို လိုလားသော အစွန်းရောက်ပါတီဝင်အချို့နဲ့ ဖွဲ့စည်းထားတဲ့ NUG အမည်ခံ အကြမ်းဖက်အဖွဲ့ရဲ့ အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်အရ သူတို့လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့်သာ ဖြစ်တယ်ဆိုတာကို အသိပေးလိုပါတယ်။

တကယ်တော့ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေအနေနဲ့ နိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်နည်းလမ်းတွေသုံးပြီး ရယူလိုကြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ စတင်ခဲ့တဲ့ ပဋိပက္ခဟာ ရွေးကောက်ပွဲမသမာမှုနဲ့ နိုင်ငံရေးပဋိပက္ခဖြစ်လို့ နိုင်ငံရေးနည်းလမ်းနဲ့သာ ဖြေရှင်းနိုင်တဲ့ကိစ္စဖြစ်ပါတယ်။ ယခုအခါမှာ NUG အမည်ခံ အကြမ်းဖက်အဖွဲ့ စတင်ပေါက်ဖွားလာတဲ့ NLD အဖွဲ့အတွင်းမှာတင် လက်နက်ကိုင်လမ်းစဉ်ကို မထောက်ခံတဲ့ အုပ်စုတွေရဲ့အသံတွေ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်နေပါတယ်။ ပြည်ပြေးအကြမ်းဖက်အုပ်စုတွေက မြန်မာပြည်တွင်းက အကြမ်းဖက်လမ်းစဉ်ကို မထောက်ခံတဲ့ NLD တွေကို ဖြုတ်/ ထုတ်/ သတ်လုပ်ဖို့ ကြိုးစားနေတဲ့ အချက်အလက်တွေ၊ အင်တာဗျူးတွေကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပွားနေတဲ့ ပဋိပက္ခတွေဟာ တပ်မတော်က အာဏာထိန်းလို့လား။ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ အစွန်းရောက် အကြမ်းဖက်လမ်းစဉ်ကြောင့်လားဆိုတာ ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ်အတွင်းမှာ NUG အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ လုပ်ကြံသတ်ဖြတ်မယ့် “Hit List” ထဲမှာ ပါနေလို့ နိုင်ငံတကာ သံတမန်အသိုင်းအဝိုင်းကို အကူအညီတောင်းတဲ့ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးကို ထဲထဲဝင်ဝင် ဆောင်ရွက်ခဲ့သူတစ်ဦးရဲ့ စာကိုလည်း နိုလင်းဟေဇာ မသိလိုက်ဘူးလားလို့ မေးရမလိုရှိပါတယ်။ ဒီ “Hit List” မှာ တပ်မတော်ကို ထောက်ပံ့ပေးနေတယ်လို့ NUG အမည်ခံ အကြမ်းဖက်အဖွဲ့တွေအနေနဲ့ ယူဆထားတဲ့ စီးပွားရေးသမားတွေ၊ နိုင်ငံရေးသမားတွေ၊ အနုပညာရှင်တွေအပြင် ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေတဲ့ ပညာရှင်တွေပါ ပါဝင်နေကြောင်း၊ ပြည်သူ့ပါတီမှ ဦးကိုကိုကြီး၊ မွန်ညီညွတ်ရေးပါတီမှ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌဟောင်း ဒေါက်တာအောင်နိုင်ဦးနဲ့ ပါတီဝင်တွေကိုလည်း အကြိမ်ပေါင်းများစွာ အကြမ်းဖက်ခြိမ်းခြောက်မှုတွေ ပြုလုပ်ခံနေရကြောင်း၊ NUG နဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ ၆၀ ကျော်နဲ့ အွန်လိုင်းတွေ့ဆုံပွဲလုပ်နေတဲ့ အထောက်အထားဓာတ်ပုံကိုပါ တွဲဖက်ပြီးပေးပို့ပါကြောင်း စသဖြင့်ဖော်ထုတ်ရေးသားထားပြီး နိုင်ငံတကာသံတမန်အသိုင်းအဝိုင်းကို အကူအညီတောင်းခံခဲ့တာကို တွေ့ရပါတယ်။ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေအနေနဲ့ သူတို့ကို မထောက်ခံတဲ့ ပြည်သူတိုင်းကို ရန်သူလို့ သတ်မှတ်ပြီး အကြောင်းမဲ့ရန်ရှာ သတ်ဖြတ်နေကြတယ်ဆိုတာ အလွယ်တကူ သိရှိနိုင်ပါတယ်။ သူတို့ရဲ့သတ်ဖြတ်မှုတွေကြောင့် သေဆုံးခဲ့ရသူတွေရဲ့ မိသားစုဝင်တွေကအကောင်းဆုံးသက်သေအဖြစ်ရှိနေပါတယ်။




ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း KNDF/KNPP အဖွဲ့တို့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ပအိုဝ်းသံဃာတော်များနှင့် လူမျိုးများအား လူမဆန်စွာ သတ်ဖြတ်မှုအပေါ် ပြင်းထန်စွာ ဆန့်ကျင်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်မှုများ။

> **သာမန်ပြည်သူတစ်ဦးအနေနဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ်ဆီကို ဒီလိုအိတ်ဖွင့်စာပေးပို့ခြင်းကလည်း ဒီမိုကရေစီအခွင့်အရေးအရ မိမိရဲ့ထင်မြင်ယူဆချက်၊ ခံစားချက်တွေကို သက်ဆိုင်ရာပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ သိရှိနိုင်အောင် ပေးပို့ရခြင်းဖြစ်ပါတယ်။ ဒီစာကို သက်ဆိုင်သူထံရောက်အောင် နည်းမျိုးစုံနဲ့ပေးပို့ထားပြီးဖြစ်သလို နိုင်ငံတကာနဲ့ အများပြည်သူသိရှိနိုင်အောင် အခုလို ဆောင်းပါးရေးသားဖော်ပြရခြင်းဖြစ်**

နောက်တစ်ချက်အနေနဲ့ နိုလင်းဟေဇာက မြန်မာ့တပ်မတော်ဟာ သူ့ရဲ့အာဏာကို ချုပ်ကိုင်နိုင်ဖို့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ အကြီးအကျယ်ဆောင်ရွက်နေတယ်လို့ စွပ်စွဲထားပါတယ်။ မြန်မာနိုင်ငံမှာ တပ်မတော်အပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်တွေ အားလုံးဟာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်တချို့ ကျူးလွန်နေတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို တရားဥပဒေနဲ့အညီ ကာကွယ်ပေးနေရတာသာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ မြို့နယ်ပေါင်း ၃၃၀ ရှိပါတယ်။ အခုအချိန်အထိ တစ်နိုင်ငံလုံးစစ်အုပ်ချုပ်ရေးကြေညာထားတာမဟုတ်ဘဲ PDF အမည်ခံ အကြမ်းဖက်အဖွဲ့နဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေ ထကြွသောင်းကျန်းတဲ့ မြို့နယ် ၄၇ မြို့နယ်ကိုသာ စစ်အုပ်ချုပ်ရေးကြေညာပြီး အကန့်အသတ်နဲ့ ဆောင်ရွက်နေတယ်ဆိုတာ ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။

NUG အမည်ခံ အကြမ်းဖက်အဖွဲ့က ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့မှစပြီး D-Day အမည်ခံ အကြမ်းဖက်လုပ်ရပ်တွေ အရှိန်မြှင့်တင်ဖို့ လှုံ့ဆော်ခဲ့ကြတာ ကမ္ဘာသိဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ တိုက်ခိုက်မှုနဲ့ ဒလန်လို့ စွပ်စွဲပြီး အကြမ်းဖက်သတ်ဖြတ်မှုကြောင့် လက်နက်မရှိတဲ့ အပြစ်မဲ့ပြည်သူ ၄၉၅၇ ဦး သေဆုံးခဲ့ပါတယ်။ ရဟန်း၊ သံဃာတော် အပါး ၇၀ နဲ့ သီလရှင်နှစ်ပါး

စာမျက်နှာ ၇ သို့ ❒

> **ဒီအချက်အလက်တွေကို နိုင်ငံတကာ သံရုံး/စစ်သံရုံးတွေ၊ အဖွဲ့အစည်းတွေနဲ့လူပုဂ္ဂိုလ်တွေဆီကို အမြဲပေးပို့နေကြောင်းသိရလို့ ဒီအကြောင်းအရာတွေကို နိုလင်းဟေဇာ မသိတာမဖြစ်နိုင်ပါဘူး။ မသိချင်ဟန်ဆောင်တာပဲဖြစ်ပါလိမ့်မယ်။ အစိုးရဆန့်ကျင်ရေးလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေက မြေပြင်သတင်းအချက်အလက်အမှန်တွေကို မီဒီယာအား၊ နည်းပညာအားနဲ့ နည်းလမ်းမျိုးစုံအသုံးပြုပြီး ပိတ်ဆို့ထားကြပေမယ့် လက်ရှိပကတိဖြစ်ပေါ်တိုးတက်နေတဲ့ မှန်ကန်တဲ့သတင်းတွေရနိုင်တဲ့ www.infosheet.org ကဲ့သို့သော သတင်းစာမျက်နှာတွေရှိပါတယ်။ မြန်မာ၊ အင်္ဂလိပ်၊ ရုရှား၊ တရုတ် ဘာသာစကားလေးမျိုးနဲ့ ဖတ်ရှုနိုင်တာတွေ့ရပါတယ်။ အနောက်အုပ်စုလက်ဝေခံ မီဒီယာတွေနဲ့ အကြမ်းဖက်အုပ်စုရဲ့ ဝါဒဖြန့်သတင်းတွေမှာပဲ လမ်းဆုံးမနေဖို့ နိုလင်းဟေဇာကို တိုက်တွန်းလိုပါတယ်။ တာဝန်ကြီးကြီးမားမားယူထားသူ ပညာရှင်တစ်ယောက်အနေနဲ့ နှစ်ဖက်သတင်းကို မျှတစွာ နားထောင်တတ်ဖို့ဆိုတာ အခြေခံလိုအပ်ချက်ဖြစ်**

> **ဒီဖြစ်စဉ်တွေအားလုံးဟာ တပ်မတော်က ဝါဒဖြန့်လုပ်ကြံရေးသားထားတဲ့ ဖြစ်စဉ်တွေ မဟုတ်ဘဲ CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေ ကျူးလွန်နေကြတယ်ဆိုတာ မြန်မာပြည်သူတွေအားလုံး သက်သေရှိပါတယ်။ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေ ကိုယ်တိုင်လည်း ဒီလိုအကြမ်းဖက်မှု၊ ရာဇဝတ်မှုတွေကို သူတို့ရဲ့ မဟာအောင်မြင်မှုကြီးတွေအဖြစ်၊ တော်လှန်ရေးလှုပ်ရှားမှုအဖြစ် ထုတ်ဖော်ဂုဏ်ဆာနေကြတဲ့ အထောက်အထားတွေ မရေမတွက်နိုင်အောင် ရှိပါတယ်။ ဒီလိုအကြမ်းဖက်မှုတွေကို မျက်ကွယ်ပြု၊ မသိချင်ယောင်ဆောင်နေပြီး အစိုးရဘက်က တရားဥပဒေအရ အရေးယူဆောင်ရွက်နေတာကို တစ်ဖက်သတ်ဖိအားပေးနေတာက နိုင်ငံရေး၊ သံတမန်ရေး ဘက်လိုက်မှုရှိနေတယ်ဆိုတာ သိသာလွန်းအားကြီးပါတယ်။ NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေရဲ့ အကြမ်းဖက်မှုတွေကို သွယ်ဝိုက်ပြီး အားပေးထောက်ခံရာလည်းရောက်နေလို့ ငြိမ်းချမ်းစွာနေထိုင်လိုတဲ့ သာမန်ပြည်သူတွေ ဘယ်လိုမှလက်ခံလို့မရနိုင်ဘူးဆိုတာကို သိစေချင်ပါတယ်**

❒ စာမျက်နှာ ၆ မှ

ပျံ့လွန်တော်မူခဲ့ရပြီး အစိုးရဝန်ထမ်း ၂၃၄ ဦး၊ အုပ်ချုပ်ရေးမှူးတွေ၊ ရာအိမ်မှူးတွေနဲ့ သက်ဆိုင်ရာဝန်ထမ်း ၆၁၇ ဦး သေဆုံးခဲ့ပါတယ်။ ကျန်းမာရေးဝန်ထမ်း ၁၄ ဦး၊ ဆရာ ဆရာမတွေအပါအဝင် ပညာရေးဝန်ထမ်း ၆၇ ဦး သေဆုံးခဲ့ရပြီး စာသင်ကျောင်းနဲ့ ပညာရေးအဆောက်အအုံတွေကို ဗုံးခွဲမီးရှို့ဖျက်ဆီးခံရမှုဖြစ်စဉ်ပေါင်း ၆၄၈ ခု ရှိပါတယ်။ ဒီလိုနေ့စဉ်နဲ့အမျှ အများပြည်သူနဲ့ သက်ဆိုင်တဲ့ နေရာတွေကို အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်ပေါင်း ၁၅၄၅၂ ကြိမ် ရှိခဲ့ပြီဖြစ်ပါတယ်။

**ဒီအချက်အလက်တွေကို နိုင်ငံတကာသံရုံး/စစ်သံရုံးတွေ၊ အဖွဲ့အစည်းတွေနဲ့ လူပုဂ္ဂိုလ်တွေဆီကို အမြဲပေးပို့နေကြောင်း သိရလို့ ဒီအကြောင်းအရာတွေကို နိုလင်းဟေဇာ မသိတာမဖြစ်နိုင်ပါဘူး။ မသိချင်ဟန်ဆောင်တာပဲ ဖြစ်ပါလိမ့်မယ်။ အစိုးရဆန့်ကျင်ရေး လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေက မြေပြင်သတင်းအချက်အလက်အမှန်တွေကို မီဒီယာအား၊ နည်းပညာအားနဲ့ နည်းလမ်းမျိုးစုံအသုံးပြုပြီး ပိတ်ဆို့ထားကြပေမယ့် လက်ရှိပကတိ ဖြစ်ပေါ်တိုးတက်နေတဲ့ မှန်ကန်တဲ့ သတင်းတွေရနိုင်တဲ့ www.infosheet.org ကဲ့သို့သော သတင်းစာမျက်နှာတွေ ရှိပါတယ်။ မြန်မာ၊ အင်္ဂလိပ်၊ ရုရှား၊ တရုတ် ဘာသာစကားလေးမျိုးနဲ့ ဖတ်ရှုနိုင်တာ တွေ့ရပါတယ်။ အနောက်အုပ်စု လက်ဝေခံမီဒီယာတွေနဲ့ အကြမ်းဖက်အုပ်စုရဲ့ ဝါဒဖြန့်သတင်းတွေမှာပဲ လမ်းဆုံးမနေဖို့ နိုလင်းဟေဇာကို တိုက်တွန်းလိုပါတယ်။ တာဝန်ကြီးကြီးမားမားယူထားသူ ပညာရှင်တစ်ယောက်အနေနဲ့ နှစ်ဖက်သတင်းကို မျှတစွာနားထောင်တတ်ဖို့ဆိုတာ အခြေခံလိုအပ်ချက်ဖြစ်ပါတယ်။**

အထူးသဖြင့် မြေပြင်အခြေအနေကို မသိဘဲ အဆင်အခြင်မဲ့ပြောကြားချက်က ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် နမ့်နိန်းကျေးရွာမှာ ပြည်သူ ၂၈ ဦးကို တပ်မတော်က သတ်ဖြတ်ခဲ့တယ်ဆိုတဲ့ တင်ပြချက်တစ်ခု ရရှိထားတယ်ဆိုတဲ့ ပြောကြားချက်ဖြစ်ပါတယ်။ ဒီလို အနောက်အုပ်စု မီဒီယာတွေက တပ်မတော်ရဲ့ပုံရိပ်ထိခိုက်အောင် ပုံဖျက်ထားတဲ့ မဟုတ်မမှန်သတင်းဟာ ပအိုဝ်းပြည်သူတစ်ရပ်လုံးက KNDF/KNPP နဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေ သတ်တာပါလို့ ကွင်းလုံးပြည့် ဆန္ဒဖော်ထုတ်ပွဲကြောင့် အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရပြီးပြီဖြစ်ပါတယ်။ ဒီလိုမဟုတ်မမှန် စွပ်စွဲချက်တစ်ခုကို နိုလင်းဟေဇာက ကုလသမဂ္ဂအထွေထွေညီလာခံမှာ ကိုးကားသွားတော့ မြေပြင်အခြေအနေမှန်တွေနဲ့ ဘယ်လောက်ကင်းကွာနေတဲ့ ပြောကြားချက်တွေ ဖြစ်တယ်ဆိုတာ အလွယ်တကူသိရှိနိုင်ပါတယ်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် နိုလင်းဟေဇာအနေနဲ့ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ ဝါဒဖြန့်ချိရေးယန္တရားရဲ့ အသုံးချခံ လက်ကိုင်တုတ်ဖြစ်နေတာ အလွန်ရှက်စရာကောင်းပါတယ်။

မြန်မာနိုင်ငံမှာ ကလေးသူငယ်တွေ ပါမချန် အစုလိုက်အပြုံလိုက် လူသတ်နေကြတာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေ ဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအထိ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေ ကျူးလွန်ထားတဲ့ မိသားစုဝင်ဦးရေ သုံးဦးနဲ့အထက် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရတဲ့ ဖြစ်စဉ်ပေါင်း ၇၆ ခု ရှိပြီး အပြစ်မဲ့ပြည်သူပေါင်း ၃၄၅ ဦး သေဆုံးခဲ့ကာ ၇၃ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ အချို့အသတ်ခံရသူတွေထဲမှာ အရွယ်မရောက်သေးသူ ကလေးငယ်တွေ ပါဝင်နေတာ တွေ့ရပါတယ်။ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေသတ်လို့ သေဆုံးခဲ့ရတဲ့ ကလေးသူငယ် အရေအတွက် ၁၄၃ ဦး ရှိပြီဖြစ်ပြီး ဒဏ်ရာရရှိခဲ့တဲ့ အရေအတွက် ၃၉၂ ဦး ရှိပြီဖြစ်ပါတယ်။ စာရင်းဇယားတွေအရ စစ်ကိုင်းတိုင်းဒေသကြီးက ကလေးသူငယ်တွေဟာ အကြမ်းဖက်ခံရမှုကြောင့် သေဆုံးသူအများဆုံးဖြစ်ပြီး မကွေးတိုင်းဒေသကြီးက ဒုတိယအများဆုံး ဖြစ်ပါတယ်။ သေဆုံးခဲ့ကြရတဲ့ ကလေးငယ်အများစုဟာ နိုင်ငံရေးအရောင်အသွေးမတူတဲ့အတွက် ဒလန်မိသားစုဆိုပြီး စွပ်စွဲသတ်ဖြတ်လို့၊ အကြမ်းဖက်သမားတွေ ထောင်ထားတဲ့ လက်လုပ်မိုင်းတွေ ပေါက်ကွဲလို့၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေ လက်နက်စမ်းသပ်ရင်း ကျေးရွာတွေထဲကို ရမ်းသန်းပစ်ခတ်လို့၊ ကျေးရွာမီးရှို့လို့၊ ဒရုန်းတွေမှာ ဗုံးသီးတွေချိတ်ပြီး ထိချင်ရာထိ ပစ်ချလို့ သေဆုံးခဲ့ကြရတာ အများစုဖြစ်ပြီး PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေ အကြမ်းဖက်မှုဆောင်ရွက်ဖို့ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေကို ဓားစာခံအဖြစ် အသုံးချတဲ့အတွက် သေဆုံးခဲ့ကြရတဲ့ ဖြစ်စဉ်တွေလည်း ပါဝင်နေပါတယ်။

**ဒီဖြစ်စဉ်တွေအားလုံးဟာ တပ်မတော်က ဝါဒဖြန့်လုပ်ကြံရေးသားထားတဲ့ ဖြစ်စဉ်တွေမဟုတ်ဘဲ CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေ ကျူးလွန်နေကြတယ်ဆိုတာ မြန်မာပြည်သူတွေအားလုံး သက်သေရှိပါတယ်။ NUG ၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေကိုယ်တိုင်လည်း ဒီလိုအကြမ်းဖက်မှု၊ ရာဇဝတ်မှုတွေကို သူတို့ရဲ့ မဟာအောင်မြင်မှုကြီးတွေအဖြစ်၊ တော်လှန်ရေးလှုပ်ရှားမှုအဖြစ် ထုတ်ဖော်ဂုဏ်ဆာနေကြတဲ့ အထောက်အထားတွေ မရေမတွက်နိုင်အောင် ရှိပါတယ်။ ဒီလို အကြမ်းဖက်မှုတွေကို မျက်ကွယ်ပြု၊ မသိချင်ယောင်ဆောင်နေပြီး အစိုးရဘက်က တရားဥပဒေအရ အရေးယူဆောင်ရွက်နေတာကို တစ်ဖက်သတ်ဖိအားပေးနေတာက နိုင်ငံရေး၊ သံတမန်ရေး ဘက်လိုက်မှုရှိနေတယ်ဆိုတာ သိသာလွန်းအားကြီးပါတယ်။ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ အကြမ်းဖက်မှုတွေကို သွယ်ဝိုက်ပြီး အားပေးထောက်ခံရာလည်း ရောက်နေလို့ ငြိမ်းချမ်းစွာ နေထိုင်လိုတဲ့ သာမန်ပြည်သူတွေ ဘယ်လိုမှ လက်ခံလို့မရနိုင်ဘူးဆိုတာကို သိစေချင်ပါတယ်။**

နိုလင်းဟေဇာက မြန်မာနိုင်ငံရဲ့ ပြီးခဲ့တဲ့ နိုင်ငံရေးပွင့်လင်းလာမှုကြောင့် အသီးအပွင့်ခံစားခဲ့ရတဲ့ လူငယ်အများစုဟာ ယခုအခက်အခဲတွေနဲ့ အခြေအနေတွေကို စိတ်ပျက်ပြီး လက်နက်ကိုင်တိုက်ပွဲဝင်ဖို့အပြင် အခြားမရှိတော့ဘူးလို့ ခံစားနေရတယ်လို့ ဆိုထားပါတယ်။ မြန်မာနိုင်ငံမှာ NLD အစွန်းရောက်တွေနဲ့ NUG အမည်ခံ အကြမ်းဖက်အဖွဲ့ရဲ့ သွေးထိုးလှုံ့ဆော်မှုကြောင့် အကြမ်းဖက်သမားဖြစ်သွားရတဲ့ PDF အမည်ခံ အကြမ်းဖက်လူငယ်တွေ လက်တစ်ဆုပ်စာတောင် မပြည့်ပါဘူး။ မြန်မာနိုင်ငံရဲ့ အခြေအနေမှန်ကို နားလည်သဘောပေါက်ပြီး ငြိမ်းချမ်းစွာ ပညာသင်ကြားနေတဲ့ လူငယ်ထုကြီးက နိုလင်းဟေဇာရဲ့စကားကို ပြက်ရယ်ပြုနေကြပါတယ်။ လူငယ်သဘာဝ စွန့်စားလိုစိတ်ကို နိုင်ငံရေးမှိုင်းတိုက်ခံရပြီး လမ်းမှားလိုက်မိလို့ တောထဲရောက်ပြီး ဘဝပျက်နေရတဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ လူငယ်လေးတွေကိုယ်တိုင် ရင်ဖွင့်ပြောဆိုချက်တွေအရ NUG အမည်ခံ အကြမ်းဖက်အဖွဲ့ရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု ကင်းမဲ့ပုံတွေကို နိုင်ငံတကာကလည်း ကြားသိကြမယ်လို့ ယုံကြည်ပါတယ်။

မြန်မာနိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေတဲ့ ဒေသတချို့မှာ ပြည်သူတွေ ဒုက္ခရောက်နေကြတာက တပ်မတော်က ဖြတ်လေးဖြတ် ဆောင်ရွက်နေလို့ မဟုတ်ပါဘူး။ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေ ရွာမီးရှို့၊ လူသတ်၊ ပြန်ပေးဆွဲနေကြလို့ ဒုက္ခရောက်နေရတာ ဖြစ်ပါတယ်။ ဒီလိုနေရာတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ လိုအပ်သလောက်အင်အားသုံးပြီး ကာကွယ်ရုံမှတစ်ပါး အခြားမရှိဘူးဆိုတာ စဉ်းစားတတ်သူတိုင်း သိကြပါတယ်။ နိုလင်းဟေဇာက NUG အမည်ခံ အကြမ်းဖက်အဖွဲ့အနေနဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေကို လူသားမဆန်တဲ့ သတ်ဖြတ်မှုတွေ မကျူးလွန်ကြဖို့ သတိပေးထားတယ်ဆိုပြီး နိုင်ငံရေး၊ သံတမန်ရေးအရ ကာကွယ်ပြောဆိုသွားတာကို တွေ့ရပါတယ်။ တကယ်တမ်းလက်တွေ့မှာ NUG အမည်ခံ အကြမ်းဖက်အဖွဲ့က အကြမ်းဖက်မှုတွေကို ဦးဆောင်နေတာဖြစ်ပါတယ်။ ဒါကြောင့် နိုလင်းဟေဇာရဲ့ ဒီလို ပြောကြားချက်တွေက အကြမ်းဖက်သမားတွေကို အားပေးထောက်ခံရာ ရောက်နေပါတယ်။ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေ အကြမ်းဖက်လူသတ်နေတာ NUG အမည်ခံ အကြမ်းဖက်အဖွဲ့ရဲ့ ညွှန်ကြားချက်နဲ့ ကျူးလွန်နေကြတယ်ဆိုတာကို သိသိကြီးနဲ့ ဒီလို ကာကွယ်ပြောဆိုသွားတာဟာ အလွန်ပဲ ရုပ်ပျက်ဆင်းပျက်နိုင်လှပါတယ်။

**ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် တစ်ဦးအနေနဲ့ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေကို ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ဖော်ထုတ်ရမှာ ဖြစ်ပါတယ်။ သို့ပေမယ့် ထောက်ပံ့ကြေးပေးထားတဲ့နိုင်ငံတွေ၊ အဖွဲ့အစည်းတွေအလိုကျ ဘက်လိုက်ပြောဆိုနေတာတွေ၊ မဟုတ်မမှန် ကိုးကားချက်တွေက မြန်မာပြည်သူတွေရဲ့ ဆန္ဒအမှန်နဲ့ ကင်းကွာနေတယ်ဆိုတာကို တည်ငြိမ်အေးချမ်းမှုကို လိုလားတဲ့ မြန်မာပြည်သူတွေရဲ့ ကိုယ်စား မခံမရပ်နိုင်ဖြစ်လွန်းလို့ တုံ့ပြန်ပြောကြားရခြင်းဖြစ်ပါတယ်။**

> **ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်တစ်ဦးအနေနဲ့ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေကို ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ဖော်ထုတ်ရမှာဖြစ်ပါတယ်။ သို့ပေမယ့် ထောက်ပံ့ကြေးပေးထားတဲ့ နိုင်ငံတွေ၊ အဖွဲ့အစည်းတွေအလိုကျ ဘက်လိုက်ပြောဆိုနေတာတွေ၊ မဟုတ်မမှန် ကိုးကားချက်တွေက မြန်မာပြည်သူတွေရဲ့ ဆန္ဒအမှန်နဲ့ ကင်းကွာနေတယ်ဆိုတာကို တည်ငြိမ်အေးချမ်းမှုကို လိုလားတဲ့ မြန်မာပြည်သူတွေရဲ့ကိုယ်စား မခံမရပ်နိုင်ဖြစ်လွန်းလို့ တုံ့ပြန်ပြောကြားရခြင်းဖြစ်**

အမိနိုင်ငံကို စွန့်ခွာထွက်ပြေးပြီး အဝေးကနေ အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်နဲ့ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ဖျက်ဆီးနေသူတွေရဲ့ ပြောဆိုလုပ်ကိုင်မှုတွေဟာ မြန်မာပြည်သူလူထုကို ကိုယ်စားမပြုပါဘူး။ ပြည်သူလူထုရဲ့ ဆန္ဒအမှန်လည်း မဟုတ်ပါဘူး။ နိုင်ငံတစ်နိုင်ငံဟာ ဘယ်လိုနိုင်ငံရေးစနစ်ကို လျှောက်လှမ်းတာဖြစ်စေ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတွေရဲ့ လူနေမှုဘဝတွေ မြင့်မားတိုးတက်မှာ ဖြစ်ပါတယ်။

ဒီနေ့မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွေအရ ပြည်တွင်းမှာရှိနေတဲ့ ပြည်သူအများစုက CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ အကြမ်းဖက်မှုတွေ၊ အပြစ်မဲ့ပြည်သူတွေကို လုပ်ကြံသတ်ဖြတ်နေတာတွေကို ရွံ့ရှာမုန်းတီးနေပြီဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းပြီး သာယာပျော်ရွှင်တဲ့ မိသားစုဘဝတွေကို ပိုင်ဆိုင်ရရှိဖို့ အကြမ်းဖက်လုပ်ရပ်တွေ လျော့နည်းပပျောက်စေချင်တာ ပြည်သူတွေရဲ့ဆန္ဒအမှန်ဖြစ်ပါတယ်။ မြန်မာပြည်သူတွေရဲ့ ဆန္ဒအမှန်ကို ဖြည့်ဆည်းပေးချင်တယ်ဆိုရင် နိုလင်းဟေဇာအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ ရွေးကောက်ပွဲ အမြန်ကျင်းပနိုင်အောင်၊ ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လျှောက်နိုင်အောင် အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်ပေးစေချင်ပါတယ်။ တစ်ဖက်သတ် အပြစ်ဖို့ခြင်း၊ ဖိအားပေးခြင်းနဲ့တော့ လမ်းကြောင်းမှန်ပေါ် ရောက်လာမှာမဟုတ်ပါဘူး။

ဒါ့ကြောင့် အထက်ပါအကြောင်းအရာတွေဟာ မိမိနိုင်ငံနဲ့လူမျိုးအကျိုးစီးပွားကို ပျက်စီးစေဖို့ ရည်ရွယ်ပြောဆိုချက်တွေကို လက်မခံနိုင်တဲ့၊ ငြိမ်းချမ်းမှုနဲ့ တည်ငြိမ်အေးချမ်းရေးကို လိုလားတဲ့ မြန်မာနိုင်ငံအတွင်းက ပြည်သူတွေရဲ့ဆန္ဒအစစ်အမှန်တွေ ဖြစ်တယ်ဆိုတဲ့အကြောင်း နိုလင်းဟေဇာနဲ့တကွ နိုင်ငံတကာကသိရှိအောင် ဒီအိတ်ဖွင့်ပေးစာကနေတစ်ဆင့် သတင်းစကားပါးလိုက်ရပါတယ်။ ။

(ဤဆောင်းပါးသည် ဆောင်းပါးရှင်၏အာဘော်သာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။)

❖ ကျောဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူ မောင်မောင်အေးနှင့်ဇနီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဇေယျကျော်ထင် စည်သူ ဦးအောင်ဇော်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဗထူးတပ်နယ်မှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ကျောင်းဆင်း ဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)မှ နည်းပြအရာရှိများနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**လိုက်လံစစ်ဆေး**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ဗိုလ်လောင်းတပ်ခွဲများအား လိုက်လံစစ်ဆေးသည်။ ထို့နောက် ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂၆)မှအကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် ၂၊ ဗိုလ်လောင်း မောင်မောင်မြင့်မြတ်အား ငွေဓားဆုချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် ၂၊ ဗိုလ်လောင်း မောင်မောင်မြင့်မြတ်အား ငွေဓားဆုချီးမြှင့်ပေးအပ်စဉ်။

ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က သင်တန်းဆင်း မိန့်ခွန်းပြောကြားရာတွင် **"တပ်မတော်(ကြည်း)တွင် အရည်အချင်းပြည့်ဝသော အရာရှိများ ဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုကို ပိုင်နိုင်စွာ ကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်စေရန်"**ဆိုသည့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)၏ ရည်ရွယ်ချက်နှင့်အညီ ခေါင်းဆောင်ငယ်များ တတ်မြောက်ကျွမ်းကျင်အပ်သည့် အခြေခံစစ်ပညာ၊ ကွပ်ကဲမှု၊ ခေါင်းဆောင်မှု ပညာရပ်များနဲ့ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ပညာရပ်များကို စွဲမြဲစွာ မှတ်သားပြီး တာဝန်ကျရာ တပ်ရင်း/ တပ်ဖွဲ့များတွင် စစ်ဘက် ခေါင်းဆောင်ငယ်များ အဖြစ် နိုင်ငံတော်နှင့် တပ်မတော် ကပေးအပ်လာသည့် တာဝန်များကို ဦးလည်မသုန် ထွန်းပေါက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**အဓိက အင်အားစုကြီး**

တပ်မတော်တွင် စစ်ဘက်ခေါင်းဆောင်ငယ်များ အဖြစ် တာဝန် ထမ်းဆောင်ကြရမည်ဖြစ်သည့်အတွက် ဒို့တပ်မတော်၏ သမိုင်းကြောင်းနှင့် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်၏ အဓိက အင်အားစုကြီးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်များကို သိရှိထားရန်လိုကြောင်း၊ တပ်မတော်ကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) မှ သန္ဓေတည်ခဲ့ပြီး ၁၉၄၂ ခုနှစ်တွင် ဗမာ့ကာကွယ်ရေးတပ်မတော် (BDA)၊ ၁၉၄၃ ခုနှစ်တွင် ဗမာ့အမျိုးသား တပ်မတော်(BNA)၊ ၁၉၄၅ ခုနှစ် ဇူလိုင်လတွင် မျိုးချစ်ဗမာ့တပ်မတော် (PBF)နှင့် စက်တင်ဘာလတွင် ဗမာ့တပ်မတော် (Burma Army) အဖြစ် အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ခိုင်မာသည့်အမျိုးသားရေး အင်အားစုကြီးအဖြစ် ပြည်သူ့ရှေ့က ဦးဆောင်ကာ မြန်မာ့လွတ်လပ်ရေးကို ရယူကာကွယ်ထိန်းသိမ်းလာသည်မှာ ယခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် (၇၅)နှစ်မြောက်စိန်ရတုတိုင် ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း။

တပ်မတော်သည် လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၁ ခုနှစ်အထိ ပြည်ပကျူးကျော်မှု အန္တရာယ်အမျိုးမျိုးကို အသက်သွေးချွေး မြောက်မြားစွာရင်းနှီးပြီးကာကွယ်စောင့်ရှောက်ခဲ့ကြောင်း၊ ထို့အပြင် ၁၉၅၈ ခုနှစ် နိုင်ငံရေး အကျပ်အတည်း၊ ၁၉၆၂ ခုနှစ် ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ်၊ ၁၉၈၈ ခုနှစ် ဆူပူမှုအရေးအခင်းနှင့် အုပ်ချုပ်ရေးယန္တရားပျက်ပြားမှု စသည့်နိုင်ငံတော်အတွက် အန္တရာယ်ကြီးမားလှသည့် အရေးကိစ္စတို့နှင့် ကြုံတွေ့ခဲ့ချိန်တိုင်း တွင်လည်း တပ်မတော်အနေနှင့် မှန်ကန်သည့်ရပ်တည်ချက်၊ အမျိုးသားရေးခံယူချက်တို့နှင့် အတူ နိုင်ငံတော်အပေါ် သစ္စာရှိစွာ ကာကွယ်စောင့်ရှောက်ခဲ့ကြောင်း။

တပ်မတော်အနေဖြင့် ၁၉၈၈ ခုနှစ် နောက်ပိုင်းကာလများတွင်လည်း နိုင်ငံတော်အချုပ်အခြာအာဏာကို ရန်ပြုလာခဲ့သည့် သောင်းကျန်းသူ မှန်သမျှကို အောင်မြင်စွာ ချေမှုန်းတိုက်ခိုက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် ၂၀၁၀ ပြည့်နှစ်တွင် လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပြီး ပါတီစုံ ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးလမ်းကြောင်းပေါ်ကို ရောက်ရှိအောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့သော် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် NLD ပါတီသည် နိုင်ငံအာဏာကို မတရားသည့်နည်းနှင့် ရယူရန် ကြိုးစားခဲ့ရာက မဲမသမာမှုအရေအတွက် ၁၁ သန်းကျော်အထိ ဖြစ်ပျက်မှုအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၊ ပြည်ထောင်စု လွှတ်တော်နှင့် သက်ဆိုင်ရာအစိုးရတို့မှ ဥပဒေနှင့်အညီဖြေရှင်းရန် အကြောင်းအမျိုးမျိုးပြ ငြင်းဆန်ခဲ့သည့်အပြင် လွှတ်တော်အသစ်နှင့် အစိုးရအဖွဲ့အသစ်ဖွဲ့စည်းရန်အထိ အဓမ္မကြိုးပမ်း လုပ်ဆောင်လာခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံ့အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းခဲ့ရသည်ကို ရဲဘော်တို့ အသိပင်ဖြစ်ကြောင်း၊ တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော် အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၁၂)ရပ်၊ နိုင်ငံရေးရည်မှန်းချက်(၂)ရပ်နှင့် အမျိုးသားရေးရည်မှန်းချက်(၂)ရပ်တို့ကို ချမှတ်ကာ ဆောင်ရွက်ခဲ့ကြောင်း၊ တာဝန်ယူစဉ်ကာလတွင် ကမ္ဘာ့ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရေး အတွက်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် **"လူ့အသက်ထက် အရေးကြီးတာဘာမှမရှိ"**ဆိုသည့် မူဝါဒကိုချမှတ်ပြီး ကာကွယ်ခြင်း၊ ကုသခြင်း၊ ပြန်လည်ထူထောင်ပေးခြင်းအပြင် နိုင်ငံတော်၏ငွေကြေး၊ မိတ်ဆွေစစ်နိုင်ငံများ၏ ပံ့ပိုးကူညီမှုများဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းကို တစ်နိုင်ငံလုံး အကြားအလပ်မရှိ ပြည်သူများနှင့် အတူလက်တွဲပြီး ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အိမ်နီးချင်းနိုင်ငံများထက် အသက်ဆုံးရှုံးမှု အန္တရာယ်နှင့် ရောဂါပြန့်ပွားကူးစက်မှုသည် အချိန်တိုအတွင်း အံ့အားသင့်ဖွယ် လျော့နည်းခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှု၊ နိုင်ငံတော်အစိုးရအဖွဲ့၏ ကြိုးပမ်းအားထုတ်မှုကြောင့် ယခင် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် စက်တင်ဘာလအထိ ဘဏ္ဍာနှစ်တွင် GDP တိုးတက်နှုန်းသည် အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းရှိရာမှ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ၆ လ Mini ဘဏ္ဍာရေးနှစ်မှာ ၂ ဒသမ ၄ ရာခိုင်နှုန်း၊ ၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လအထိ ဘဏ္ဍာရေးနှစ်ကုန် ယာယီခန့်မှန်းခြေအရ ၃ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးတက်မှုရှိမည်ဟု ခန့်မှန်းထားပါကြောင်း၊ ထိုသို့ တိုးတက်လာခြင်းသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့် တစ်နိုင်ငံလုံး၏ စုပေါင်းအားများကြောင့်ပင်ဖြစ်ကြောင်း။

ထို့အပြင် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံတွင် နိုင်ငံ့စီးပွားပိုမိုမြင့်တင်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ဒေသထွက်ကုန်ကြမ်းမှ အဆင့်မြင့် ကုန်ချောထုတ်လုပ်ခြင်း၊ သွင်းကုန်အစားထိုး ပို့ကုန်တိုးမြှင့်ခြင်း ဆောင်ရွက်နိုင်ရေး MSME အသေးစား၊ အငယ်စား၊ အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် မအားလပ်သည့် အလုပ်တာဝန်များကြားကပင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးသို့ ကွင်းဆင်းပြီး လုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ရေး အားသွန်ခွန်စိုက် အားပေးတိုက်တွန်း ဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း တပ်မတော်အနေဖြင့် မည်သည့်ခေတ်ပင်ဖြစ်စေ၊ မည်သည့်အစိုးရပင်ဖြစ်စေ **"ပြည်သူသာ အမိ၊ ပြည်သူသာ အဖ"** ဟုခံယူပြီး နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီစနစ် ပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ပေးသူနှင့် ပြည်သူလူထု အကျိုးအတွက် ကာကွယ်စောင့်ရှောက်နေသူ Guardian အဖြစ် အစဉ်အမြဲ ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း။

**ခေါင်းဆောင်များ၏ အခန်းကဏ္ဍ**

နိုင်ငံတစ်နိုင်ငံတွင်ဖြစ်စေ၊ အဖွဲ့အစည်းအသီးသီးတွင် ဖြစ်စေ ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့တစ်ဝန်းတွင်လည်း နိုင်ငံ့အကြီးအကဲ၏ ဦးဆောင်မှု ကောင်းမွန်သည်နှင့်အမျှ ပြည်သူအများစုသည်လည်း ပိုမို၍စည်းလုံးညီညွတ်လာကြပြီး စည်းလုံးညီညွတ်မှုအားကြောင့် ၎င်းနိုင်ငံသည် တိုးတက်စည်ပင် သာယာဝပြောစေခဲ့သည်ကို ကမ္ဘာ့သမိုင်းတစ်လျှောက် တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကိုယ်တိုင်စံနမူနာပြ ခေါင်းဆောင်ဖြစ်အောင် ကျင့်ကြံနေထိုင်ကြပြီး လက်အောက်က ယုံကြည်အားကိုးလာအောင် ဦးဆောင်ကြရမည်ဖြစ်ကြောင်း၊ မည်သည့် အဖွဲ့အစည်းဖြစ်စေ ကွပ်ကဲအုပ်ချုပ်သည့် ခေါင်းဆောင်များသည် အရည်အသွေးနှင့် အရည်အချင်းရှိမှသာ တိုးတက်မည်ဖြစ်ပြီး ခေါင်းဆောင်မှု အရည်အသွေးညံ့ဖျင်းလျှင် ၎င်းအဖွဲ့အစည်းတစ်ခုလုံး ဆုံးရှုံးနစ်နာသွားမည်ဖြစ်သည့်အတွက် ခေါင်းဆောင်ငယ်များ အဖြစ် တာဝန် ထမ်းဆောင်ကြမည့်သူများသည် မိမိတို့ ကွပ်ကဲအုပ်ချုပ်ရသည့် တပ်ဖွဲ့ဝင်များအပေါ် မှန်ကန်သည့် ခေါင်းဆောင်မှုများ ပေးရန် လိုအပ်ကြောင်း။

ခေါင်းဆောင်မှုနှင့် ပတ်သက်၍ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄) သင်တန်းဆင်းပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က **"ခေါင်းဆောင်မှု ပညာရပ်ဆိုသည်မှာ ကျယ်ပြန့်နက်ရှိုင်းလှခြင်းကြောင့် လေ့လာရင် လေ့လာသလောက် အကျိုးရရှိမည်ဖြစ်ကြောင်း၊ ငယ်သားဖြစ်ချိန်တွင် နောက်လိုက်ကောင်းတစ်ယောက်သည် နောင်တစ်ချိန်တွင် ခေါင်းဆောင်ကောင်း တစ်ယောက်၏ အစပင်ဖြစ်ကြောင်း"** မိန့်မှာချက်ကိုလည်း သိရှိလိုက်နာရန် လိုအပ်ကြောင်း။

စာမျက်နှာ ၉ သို့ ❖

☆ **ခေါင်းဆောင်ငယ်များ တတ်မြောက်ကျွမ်းကျင်အပ်သည့် အခြေခံစစ်ပညာ၊ ကွပ်ကဲမှု၊ ခေါင်းဆောင်မှုပညာရပ်များနဲ့ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ပညာရပ်များကို စွဲမြဲစွာမှတ်သားပြီး တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့များတွင် စစ်ဘက်ခေါင်းဆောင်ငယ်များအဖြစ် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့် တာဝန်များကို ဦးလည်မသုန် ထွန်းပေါက်အောင်မြင်အောင် ဆောင်ရွက်**

❖ စာမျက်နှာ ၈ မှ

ခေါင်းဆောင်များသည် အသိပညာ၊ အတတ်ပညာများနှင့်လည်း ပြည့်စုံရမည်ဖြစ်သလို ၎င်းအသိပညာ၊ အတတ်ပညာများကို ကောင်းမွန်သည့် အတွေးအခေါ်နှင့် ပေါင်းစပ်ပြီး မှန်ကန်သည့် ခေါင်းဆောင်မှု၊ ဥပဒေနှင့်ညီညွတ်သည့်အမိန့်၊ မျှတသည့် ဆုံးဖြတ်ချက်များနှင့် မိမိတို့ကွပ်ကဲရသည့် တပ်ဖွဲ့ကို တိုးတက်အောင်မြင်အောင် စနစ်တကျ ဦးဆောင်သွားကြရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိပ်ချိုမဟာသရေစည်သူ စိုးဝင်း ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူစဉ်။

ခေါင်းဆောင်များသည် မည်သည့်တာဝန်ကိုမဆို လိုအပ်သလို မိဘသဖွယ်စိတ်ထား၊ ခေါင်းဆောင်သဖွယ်စိတ်ထားတို့ဖြင့် ကိုယ်ချင်းစာတရား လက်ကိုင်ထားပြီး ဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ လက်အောက်ငယ်သားများ၏ အားကိုးယုံကြည်လေးစားမှုနှင့် သစ္စာစောင့်သိရိုသေမှုကို အပြည့်အဝရရှိမည်ဖြစ်ပြီး ပေးအပ်သည့် မည်သည့်ရည်မှန်းချက် တာဝန်များကိုမဆို ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် စစ်မြေပြင်တွင်လည်း သင်ကြားပေးလိုက်သည့် စစ်ပညာများကို ထိရောက်စွာ အသုံးချနိုင်ရန် လိုအပ်သကဲ့သို့ လက်အောက်ငယ်သားများ လိုက်ပါဆောင်ရွက်နိုင်အောင်လည်း ဦးဆောင်မှုပေးနိုင်ရမည့်အပြင် သတ္တိ၊ ဗျတ္တိနှင့် ရဲရဲရင့်ရင့် ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း ရှိရမည်ဖြစ်ကြောင်း။

ခေါင်းဆောင်မှု အရည်အချင်း ပြည့်ဝနေရန်အတွက် ခေါင်းဆောင်မှုအင်္ဂါရပ် (၁၆) ချက်နှင့်အညီ **လိုက်နာ၊ ကျင့်ကြံ၊ ကြိုးစား**လုပ်ဆောင်ကြရန်နှင့် မိမိအဖွဲ့အစည်းက အားကိုးရသည့်ခေါင်းဆောင်ကောင်းများ ဖြစ်ရန်အတွက် မိမိ၏ကိုယ်ရည်ကိုယ်သွေးကိုလည်း တိုးတက်အောင် ထာဝရကြိုးစားဆောင်ရွက်သွားကြရန် လိုကြောင်း။

**အခြေခံစိတ်ဓာတ်ကောင်း**

တပ်မတော်သားများသည် တိုင်းပြည်ကို ကာကွယ်ရန် ဆိုသည့်အခြေခံစိတ်ဓာတ်ကောင်းများနှင့် တပ်မတော်သို့ မိမိဆန္ဒအလျောက် ဝင်ရောက်လာသူများ ဖြစ်သည့်အတွက် တိုက်ပွဲဝင်ရာတွင် **“ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း”**ဆိုသည့် တိုက်ပွဲဝင် စိတ်ဓာတ်များ ရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ အခြေခံစိတ်ဓာတ်နှင့် တိုက်ပွဲဝင် စိတ်ဓာတ်များ ပိုမိုခိုင်မာအောင် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုဖြစ်စေသည့်သုတ၊ ရသ စသည့်စာကောင်းပေမွန်များကို ရသည့်အချိန်တွင် ဖတ်ရှုရန်လိုအပ်ကြောင်း၊ စာဖတ်ခြင်းမှပေးသည့် ဗဟုသုတနှင့် အသိပညာများသည် စာဖတ်သူ၏ အတွေးအခေါ် အယူအဆများကို မြင့်မားစေသည့်အပြင် ကိုယ်ကျင့်တရားနှင့် စိတ်ဓာတ်ခိုင်မာကောင်းမွန်မှုများကိုလည်း ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်ရုံနှင့် မလုံလောက်ဘဲ ကျန်းမာကြံ့ခိုင်ရန်အတွက် မိမိတို့ကိုယ်တိုင်နှင့် လက်အောက်စစ်သည်များကိုပါ ကိုယ်စိတ်ကျန်းမာ သန်စွမ်းအောင် အစဉ်လေ့ကျင့်နေရန် လိုကြောင်း။

**ကျန်းမာကြံ့ခိုင်မှု**

အနာဂတ်တွင် စစ်ဘက်ခေါင်းဆောင်များဖြစ်လာကြမည့်သူများ အနေဖြင့် တပ်မတော်က ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ ယင်းသည် စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရား ကောင်းမွန်သည့် ခေါင်းဆောင်တိုင်း၏ အမူအကျင့်နှင့် အလေ့အထပင်ဖြစ်ကြောင်း၊ ထို့အပြင် ကျန်းမာကြံ့ခိုင်မှုကို ထိခိုက်စေမည့် အပျော်အပါး၊ အသောက်အစားကင်းစွာနှင့် တပ်မတော်သားဘဝကို တန်ဖိုးရှိရှိနေထိုင်ရမည်ဖြစ်သလို မိမိဝင်ငွေနှင့်ထွက်ငွေကိုလည်း မျှတအောင်သုံးစွဲတတ်ရန် လိုကြောင်း၊ ထို့ကြောင့် ကျန်းမာရေးကိုထိခိုက်စေမည့် အပြုအမူ၊ အနေအထိုင်ကအစ ဆေးလိပ်၊ ကွမ်း၊ အရက်သေစာနှင့် မူးယစ်ဆေးဝါး သုံးစွဲခြင်းများကို လုံးဝ (လုံးဝ) မပြုလုပ်ကြရန် လိုအပ်သကဲ့သို့ ကိုယ်ကျင့်တရားပိုမိုကောင်းမွန်ရန် အတွက်လည်း ဘာသာရေး၊ လူမှုရေး အဆုံးအမများနှင့် ကျင့်ကြံနေထိုင်ကြရန်လည်း လိုကြောင်း။

တပ်မတော်သည် နိုင်ငံတကာ တပ်မတော်များကဲ့သို့ တိကျခိုင်မာသည့် စည်းမျဉ်းစည်းကမ်းများနှင့် အညီ စနစ်တကျဖွဲ့စည်းထားသည့် တပ်မတော်တစ်ရပ် ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေး ကဏ္ဍအတွက် အရေးပါသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံတတ်မှု၊ အထက်အောက် အပြန်အလှန်လေးစားမှုနှင့် ရဲဘော်ရဲဘက်စိတ်တို့ကို မွေးမြူပြီး တပ်မတော်သားကောင်းတစ်ယောက်ဖြစ်အောင် နေထိုင်သွားရန်လိုကြောင်း။

နိုင်ငံတစ်ခုသည် ပြည်သူအများစု စည်းကမ်းလိုက်နာမှု အားနည်းခြင်းနှင့် အကျင့်စာရိတ္တအားနည်းခြင်းများ ဖြစ်လာပါက ပြိုကွဲပျက်စီးမှု အမျိုးမျိုးကို ကြုံတွေ့နိုင်ကြောင်း၊ ထို့ကြောင့် စည်းကမ်းလိုက်နာမှုသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးကြီးဆုံး အချက်ဖြစ်ပြီး စည်းကမ်းမရှိသည့် တပ်မတော်သည်လည်း တပ်ပျက်သွားနိုင်ကြောင်း၊ ယနေ့အချိန်ထိ မိမိတို့ တပ်မတော်အနေဖြင့် မယိမ်းမယိုင် ခိုင်ခိုင်မာမာရပ်တည်နေနိုင်ခြင်းသည် စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံတတ်မှု အားကောင်းခြင်းများကြောင့်ပင်ဖြစ်ကြောင်း၊ စည်းကမ်းလိုက်နာခြင်း၊ အမိန့်နာခံတတ်ခြင်းတို့သည် မိမိဘဝတိုးတက်မှုများကို ရရှိစေနိုင်ပြီး စစ်မြေပြင်တွင် အောင်ပွဲများရယူနိုင်ကြောင်း။

စစ်စည်းကမ်းသည် တပ်မတော်၏ အဓိက ကျောရိုးမဏ္ဍိုင်ဖြစ်၍ စည်းကမ်းရှိပါမှ စွမ်းဆောင်ရည်ထက်မြက်မြင့်မားပြီး ပြည်သူလူထုတစ်ရပ်လုံး၏ ယုံကြည်ကိုးစားမှု၊ အားပေးထောက်ခံမှုကို ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိကိုယ်တိုင်လည်း အသေးအဖွဲစည်းကမ်းကအစ စံနမူနာပြဖြစ်အောင် နေထိုင်ကျင့်ကြံပြီး လက်အောက်ငယ်သားများကို လိုက်နာမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ် ပြည့်စုံမှုဆိုသည့် တပ်တိုင်းရဲဘော်တိုင်း ထားရှိရမည့် အခြေခံအရည်အချင်း ငါးပါးနှင့် ပြည့်စုံနေအောင် ကြိုးစားသွားရန် လိုကြောင်း။

**လေ့ကျင့်ပညာပေး**

တပ်မတော်သည် နယ်ဘက်ဥပဒေနှင့် စစ်ဘက်ဥပဒေများ သာမက ဂျီနီဗာကွန်ဗင်းရှင်းအပါအဝင် စစ်ပွဲဆိုင်ရာဥပဒေများကိုလည်း လိုက်နာရသည့်အဖွဲ့အစည်းဖြစ်ကြောင်း၊ ထို့ကြောင့် ဥပဒေနှင့်ပတ်သက်၍ စစ်သည်အဆင့်အတန်းအားလုံး ရှင်းလင်းစွာသိရှိစေရေး လေ့ကျင့်ပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဥပဒေနှင့်မညီဘဲ ပြစ်မှုကျူးလွန်ခဲ့လျှင်လည်း ပွင့်လင်းမြင်သာစွာ ထိထိရောက်ရောက် အရေးယူဆောင်ရွက် လျက်ရှိကြောင်း၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းဖြင့် မိမိတို့တပ်မတော်သာမက နိုင်ငံ၏ပုံရိပ်ကိုလည်း နိုင်ငံတကာအလယ်တွင် တင့်တယ်စေမည်ဖြစ်ကြောင်း၊ ထို့အပြင် စစ်ဆင်မှုများ ဆောင်ရွက်ရာတွင်လည်း ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်း (Rules Of Engagement–ROE) ကိုလည်း မိမိကိုယ်တိုင်နှင့် လက်အောက်ငယ်သားများပါနားလည်ပြီး ဆောင်ရွက်ကြရန်လိုကြောင်း။

လေ့ကျင့်ရေးနှင့်ပတ်သက်၍ မှာကြားလိုသည်မှာ (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က **“တပ်မတော်သား အဆင့်အတန်းအားလုံးအနေဖြင့်လည်း လက်ဝယ်ပိုင်ဆိုင်ထားသည့် ခေတ်မီလက်နက်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရန်နှင့် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်မှာ ကျွမ်းကျင်ဖို့အတွက် လေ့ကျင့်ရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်နေကြရမည် ဖြစ်ကြောင်း၊ အဲဒီလိုလေ့ကျင့်သည့်နေရာမှာ စစ်သည်တစ်ဦးချင်းလေ့ကျင့်ရေးနှင့် တပ်ဖွဲ့လိုက်လေ့ကျင့်ရေးများပါဝင်ပြီး လေ့ကျင့်ရေးမူဝါဒများနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ စစ်သည်တိုင်း မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်လုပ်ဆောင်နေခြင်းဟာလည်း လေ့ကျင့်ရေးဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်၏အရည်အချင်းသည် လူတစ်ဦးစီ စွမ်းရည်ပေါ်တွင် အခြေခံပြီး စစ်လက်နက်ပစ္စည်းများ၏စွမ်းအားနှင့်ပေါင်းစပ်ရခြင်းဖြစ်သည့်အတွက် တစ်ဦးချင်း စွမ်းရည်မြင့်မားရေးကို အလေးအနက်ထား လုပ်ဆောင်ကြရန်”**ဟု တိုက်တွန်းမှာကြားခဲ့ကြောင်း။

ထို့ကြောင့် လေ့ကျင့်ရေးနှင့်ပတ်သက်ပြီး တစ်ဦးချင်းအနေနှင့်ရော အဖွဲ့လိုက်အနေဖြင့်ပါ လိုက်ပါလုပ်ဆောင်တတ်စေရန် တပ်မတော် (ကြည်း) ဗိုလ်သင်တန်း ကျောင်းတော်ကြီးက လေ့ကျင့်သင်ကြား ပေးလိုက်ပြီးဖြစ်ကြောင်း၊ ကျောင်းက သင်ကြားပေးလိုက်သည့် အသိပညာ၊ အတတ်ပညာများကို မမေ့မလျော့အောင် **“အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်း စစ်ရေးသတိရှိရမည်၊ အမြဲတမ်း တိုက်ပွဲဝင် အသင့်ဖြစ်ရမည်”** ဆိုသည့် မြဲသုံးမြဲကို လက်ကိုင်ထားပြီး **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဆိုသည့် လေ့ကျင့်ရေးလုပ်ငန်းစဉ်အတိုင်း မိမိကိုယ်တိုင်နှင့် လက်အောက် ငယ်သားများကိုပါ လိုက်ပါဆောင်ရွက်လာအောင် ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် သင်တန်းကျောင်းများတွင် သင်ကြားလေ့ကျင့်ခဲ့ရသည့် စစ်ပညာများကို လက်တွေ့ နယ်ပယ်တွင် ထိရောက်စွာအသုံးချကြနိုင်ရန်လိုကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတွင် တပ်မတော်၏ ဦးဆောင်မှုနှင့် ပြည်သူ့စစ် မဟာဗျူဟာကို ဖော်ဆောင်နိုင်ရန်အတွက် တပ်တွင်း၊ တပ်ပြင်စည်းရုံးရေး လုပ်ငန်းများကို အလေးအနက်ထား ဆောင်ရွက်သွားရန် လိုကြောင်း၊ တပ်တွင်း စည်းလုံးညီညွတ်ရေးသည် တပ်မတော်အတွက်အရေးကြီးပြီး တပ်မတော်သားများနှင့် မိသားစုဝင်များကို တစ်စည်းတစ်လုံးတည်း ကျစ်လျစ်ခိုင်မာအောင် တည်ဆောက်ခြင်းပင်ဖြစ်ကြောင်း၊ လက်ရှိကာလသည် တပ်တွင်းစည်းလုံးညီညွတ်မှု ပြိုကွဲစေရန်နှင့် တပ်မတော်အင်အားချည့်နဲ့စေရန် နည်းမျိုးစုံနှင့် ဘက်ပေါင်းစုံမှ ပြည်တွင်းပြည်ပ အဖျက်အမှောင့် ပြုနေကြသူများ၊ အဖွဲ့အစည်းများနှင့် မီဒီယာများက ကြိုးပမ်းဆောင်ရွက်နေကြသဖြင့် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ယူကြသူများအနေဖြင့် စစ်စည်းကမ်း၊ အုပ်ချုပ်မှုဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာ ဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ လက်အောက်ကပါ လိုက်နာဆောင်ရွက်နေရန် ကြပ်မတ်ဦးဆောင်ကြရန် လိုအပ်ကြောင်း၊ အဓိကအနေဖြင့် တပ်မတော်သားများသည် စစ်သည်တော်ကျင့်ဝတ် ၆၀ ပါးကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ လိုက်နာကျင့်ကြံ နေထိုင်ကြရမည်ဖြစ်သည့်အပြင် မိမိတို့ရောက်ရှိရာဒေသရှိ ပြည်သူလူထုကိုလည်း တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

စည်းရုံးရေးနှင့် ပတ်သက်၍ တပ်မတော်စည်းရုံးရေး ဗဟိုဦးစီးကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးတွင် တပ်မတော်စည်းရုံးရေးဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **“စည်းရုံးရေးဆိုသည်မှာ မိမိဖြစ်စေချင်သည့်အရာကို** အခြားလူတစ်ယောက်က ၎င်း၏သဘောဆန္ဒအလျောက် ပူးပေါင်းဆောင်ရွက်လာစေခြင်းကို စည်းရုံးရေးဟုခေါ်ကြောင်း၊ စာမျက်နှာ ၁၀ သို့ ❖

☆ **ခေါင်းဆောင်များသည် မည်သည့်တာဝန်ကိုမဆို လိုအပ်သလို မိဘသဖွယ် စိတ်ထား၊ ခေါင်းဆောင်သဖွယ် စိတ်ထားတို့ဖြင့် ကိုယ်ချင်းစာတရား လက်ကိုင်ထားပြီး ဆောင်ရွက်**

☆ **သို့မှသာ လက်အောက်ငယ်သားများ၏ အားကိုးယုံကြည်လေးစားမှုနှင့် သစ္စာစောင့်သိရိုသေမှုကို အပြည့်အဝရရှိမည်ဖြစ်ပြီး ပေးအပ်သည့် မည်သည့် ရည်မှန်းချက် တာဝန်များကိုမဆို ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်**

❖ စာမျက်နှာ ၉ မှ

စည်းရုံးရေးတွင် အပိုင်းနှစ်ပိုင်း ပါဝင်ကြောင်း၊ ပထမအချက်မှာ တပ်မတော်သားများနှင့် ပတ်သက်သည့် စည်းရုံးရေးအပိုင်းဖြစ်ပြီး ဒုတိယအချက်မှာ တိုင်းပြည်နှင့် ပတ်သက်သည့် စည်းရုံးရေးအပိုင်း ဖြစ်ကြောင်း၊ စည်းရုံးရေးလုပ်ငန်းတွင် လူတစ်ဦးချင်း Individual စည်းရုံးရေး ဆောင်ရွက်ခြင်းလည်းပါဝင်ကြောင်း၊ Self Control ပြုလုပ်ခြင်းသည် မိမိကိုယ်ကိုစည်းရုံးခြင်းဟု ဆိုနိုင်မည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို စည်းရုံးခြင်းဆိုသည်မှာ စိတ်ဓာတ်ရေးရာအရ၊ စည်းကမ်းရေးရာအရ မိမိကိုယ်ကို ကောင်းမွန်စွာနေထိုင်ပြုမူတတ်စေရန် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင်က ကောင်းမွန်မှုမရှိလျှင် အခြားလုပ်ငန်းများ ဆောင်ရွက်မှုတွင်လည်း ကောင်းမွန်ရန်ခက်ခဲမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို Self Control မလုပ်နိုင်သည့်အတွက် မိသားစုတွင်လည်း ကောင်းမွန်သည့်အခွင့်အရေးများ ရရှိနိုင်မှုနည်းပါးသွားမည်ဖြစ်ကြောင်း၊ မိသားစုအနေဖြင့်လည်း မိမိကိုကြည့်၍ စိတ်မချမ်းမြေ့ခြင်းဖြစ်ပေါ်က မိသားစုဘဝကို ထိခိုက်လာနိုင်ကြောင်း၊ ဒါ့ကြောင့် ကိုယ့်ကိုယ်ကိုယ်ကောင်းမွန်အောင်နေထိုင်ရန် အရေးကြီးကြောင်း" ဟု ထည့်သွင်း မှာကြားသွားခဲ့ကြောင်း။

### ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်

ထို့ကြောင့် တပ်တွင်းစည်းရုံးရေးကို ရေပက်မဝင်သည့် စည်းရုံးရေးမျိုးဖြစ်အောင် ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်များနှင့် တည်ဆောက်သွားကြရန်နှင့် မိမိတို့ကိုယ်တိုင် အမိန့်နှင့်ညွှန်ကြားချက်များအတိုင်း စနစ်တကျနေထိုင်ရန်လိုအပ်ပြီး တပ်ပြင်စည်းရုံးရေး ရရှိအောင်လည်း မိမိကွပ်ကဲရသည့် တပ်ဖွဲ့ဝင်များကို ပြည်သူလူထုအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်များနှင့်အညီ နေထိုင်နိုင်ရေး သင်ကြားကြပ်မတ်သွားကြရန် လိုအပ်ကြောင်း။

နိုင်ငံ၏ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက လွတ်လပ်ရေးရပြီးကာလတွင် ပါလီမန်ဒီမိုကရေစီစနစ်၊ တစ်ပါတီဗဟိုဦးစီးစနစ်နှင့် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး၏ တောင်းဆိုခဲ့မှုအရ ယနေ့ ပါတီစုံဒီမိုကရေစီစနစ် စသဖြင့် နိုင်ငံရေးစနစ်များ ပြောင်းလဲကျင့်သုံးခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်သားများအားလုံးကလည်း တစ်ခဲနက်ထောက်ခံခဲ့ပြီး စတင်ကျင့်သုံးရာ နောက်ပိုင်းအချို့နိုင်ငံရေး ကိစ္စများတွင် တက်ရောက်လာသည့် အစိုးရနှင့် တပ်မတော်အကြား သဘောထားမတိုက်ဆိုင်မှုများ ရှိခဲ့သော်လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာစေရေးရှေးရှု၍ တပ်မတော်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုပုံးချို မဟာသရေစည်သူ စိုးဝင်း ထူးချွန်ဆုရဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

အနေဖြင့် ပြည်သူလူထုက ရွေးချယ်သည့် အစိုးရအဖွဲ့များနှင့် အတူလက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။

လွတ်လပ်ရေးရရှိစဉ်ကာလမှ ယနေ့အထိ အစိုးရအမျိုးမျိုး၊ စနစ်အမျိုးမျိုးနှင့် နိုင်ငံတော်ကို ကြိုးစားတည်ဆောက်သည့်သူများလည်း ရှိခဲ့ကြကြောင်း၊ နိုင်ငံတော်အကျိုးကို ကျရာတာဝန်မှ ကြိုးပမ်း ဆောင်ရွက်ခဲ့ကြမှုများသည် သမိုင်းတွင် မှတ်တိုင်အဖြစ်ရှိနေမည်ပင် ဖြစ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ရေးရရှိပြီးနောက် ယနေ့အထိ ၇၅ နှစ်တာကာလအတွင်း နိုင်ငံ့အကျိုးသယ်ပိုးခဲ့သူမှန်သမျှကို ထိုက်တန်စွာ အသိအမှတ်ပြုဂုဏ်ပြုသည့်အနေဖြင့် ဘွဲ့ထူး၊ ဂုဏ်ထူး၊ ဆုတံဆိပ်များကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က ချီးမြှင့်ပေးခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံအတွင်း လက်ရှိကျင့်သုံးနေသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို ဦးတည်ချီတက်နေချိန်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်အကြောင်းကိုလည်း အနည်းငယ်မှာကြားလိုကြောင်း၊ ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူက ၎င်းတို့အား ကိုယ်စားပြုသူများကို ကိုယ်တိုင်ရွေးချယ်ပေးပြီး အုပ်ချုပ်စေသည့် စနစ်ပင်ဖြစ်ကြောင်း၊ ဖက်ဒရယ်စနစ် ဆိုသည်မှာ မတူကွဲပြားနေသည့် တိုင်းဒေသကြီး/ပြည်နယ်များတွင် လူမျိုးများ၊ လူမျိုးစုများ စုစည်းလုပ်ကိုင်ရာတွင် လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆ သဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်းနှင့် မျှဝေခံစားခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ဟု ဆိုရာတွင် ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူများက ၎င်းတို့ရွေးချယ်ပေးခဲ့သည့် အုပ်ချုပ်ရေးစနစ်၌ ပြည်ထောင်စု တစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူများ အတူတကွ ပေါင်းစည်းနေထိုင်သည့် တိုင်းဒေသကြီး/ ပြည်နယ်များ အလိုက် အခြေခံဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များ ရရှိစေသည့် စနစ်ပင်ဖြစ်ကြောင်း။

### စုစည်းညီညွတ်မှုစွမ်းပကား

မိမိတို့အားလုံးသည် မြန်မာဆိုသည့်ပုံရိပ်ကို စွဲထင်ကျန်ရစ်အောင် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကို စုစည်းညီညွတ်မှုစွမ်းပကားနှင့် တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်ကာလတွင် တိုင်းပြည်တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ရမည့်သူများ ဖြစ်သည့်အတွက် ကျင့်သုံးနေသည့် နိုင်ငံရေးစနစ်ကို သိရှိနားလည်ရန် လိုကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ကာကွယ်ရေး စသည့် ကဏ္ဍတိုင်းတွင် မိမိနိုင်ငံနှင့်သင့်လျော်သည့် စနစ်တစ်ခုချမှတ်လျှောက်လှမ်းနေကြပြီး မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်မှသာ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ပြည်သူကိုအခြေပြုထားသည့် ဒီမိုကရေစီစနစ်တွင် ပြည်တွင်း ငြိမ်းချမ်းရေးသည် အဓိကလိုအပ်ချက်ပင် ဖြစ်ကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ ပြည်သူတစ်ရပ်လုံး ပါဝင်ဖော်ဆောင်ရခြင်း ဖြစ်ခြင်းကြောင့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် အရေးကြီးပြီး ထိုသို့ဆောင်ရွက်ရန်အတွက် ကြိုးပမ်းရာတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ကြရန် လိုကြောင်း။

နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို အသက်၊ သွေး၊ ချွေးများပေးဆပ်ပြီး ထမ်းဆောင်နေသည့် တပ်မတော်သားများသည် ငြိမ်းချမ်းရေးကို အလိုလားဆုံး ဖြစ်သည့်အတွက် တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးနှင့် ပတ်သက်၍ မူဝါဒ(၆)ရပ်ကို အတိအလင်းချပြခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း(၂၁)ကြိမ် ထုတ်ပြန်ခဲ့ပြီး ထပ်မံ၍ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ ထာဝရ ငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ယန္တရားများအား နှောင့်ယှက်ထိပါး တိုက်ခိုက်လာချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို တစ်နှစ်တာကာလ ထပ်မံတိုးမြှင့်ရပ်စဲပေးထားမှုများကို ကြည့်ခြင်းအားဖြင့် တပ်မတော်၏ငြိမ်းချမ်းရေးအပေါ် အလေးထားဆောင်ရွက်နေမှုကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း။

ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် တွေ့ဆုံဆွေးနွေးနိုင်ရန် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ကြောင်း၊ ထိုသို့ ဖိတ်ခေါ်ခဲ့ရာ ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးဖြစ်သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးခြင်း မပြုရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ သုံးဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့တို့က ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်များကိုလည်း ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ NCA ပါ သဘောတူညီချက်များသည် ပြည်ထောင်စုနှင့် တိုင်းရင်းသားအားလုံး၏ အနာဂတ်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေးရှုထားခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နယ်ချဲ့ကိုလိုနီအင်္ဂလိပ်တို့၏ Divided and Rule အရ သွေးခွဲ အုပ်ချုပ်ခဲ့မှုကြောင့် သဘောထား၊ အမြင်၊ ခံယူချက်၊ ယုံကြည်ချက်များ မတူကွဲပြားနေရမှုများအား ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ကာ မတူညီသည့် အယူအဆများကို တူညီသည့် ဘုံသဘောထားများနှင့် အမိနိုင်ငံတော်ကြီး စည်ပင်သာယာဝပြောပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး အမြန်ဆုံးဖြစ်ပေါ်လာစေရေး ရိုးသားမှုကိုအခြေခံပြီး အမြန်ဆုံးပေါင်းစည်းနိုင်ကြရန် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်နေချိန်တွင် မိမိတို့ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန် လိုကြောင်း။

ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံတည်ရှိရေးအတွက် လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲစေရေးနှင့် ကာကွယ်စောင့်ရှောက်သူများဖြစ်အောင် မိမိကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြရန် လိုကြောင်း။

မကြာခင် တာဝန်ကျရာတပ်ရင်း/ တပ်ဖွဲ့များတွင် စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်သည့်အခါ သင်ကြားတတ်မြောက်ပြီးသည့် သမားရိုးကျ စစ်နည်းဗျူဟာများ၊ စစ်ကဏ္ဍကြီး လေးရပ်နှင့် အထူးစစ်နည်းဗျူဟာများကို တိကျစွာ လိုက်နာကျင့်သုံးကြရန် လိုအပ်သည့်အပြင် မိမိတပ်ဖွဲ့ကိုလည်း ထမ်းဆောင်ရမည့် တာဝန်များကို ရှင်းရှင်းလင်းလင်းနှင့် နားလည်အောင် တိုက်ပွဲလုပ်ငန်း စည်းမျဉ်းများအတိုင်း တိကျစွာလိုက်နာဆောင်ရွက်သွားကြရန် လိုကြောင်း။

သမိုင်းကြောင်းနှင့်ယှဉ်သည့် မြန်မာ့တပ်မတော်၏ မွန်မြတ်သော အစဉ်အလာကောင်းများနှင့် အမျိုးသားနိုင်ငံရေး တာဝန်ထမ်းဆောင်မှုများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရန်၊ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်လာစေရန်နှင့် မိမိဘဝတိုးတက်အောင်မြင်ရန်အတွက် ခေါင်းဆောင်မှု အင်္ဂါရပ်(၁၆)ချက်နှင့်အညီ ကျင့်ကြံကြိုးစားလုပ်ဆောင်သွားကြရန်၊ စစ်စည်းကမ်းသည် တပ်မတော်၏ အဓိကကျောရိုးမဏ္ဍိုင် ဖြစ်ခြင်းကြောင့် စစ်ဘက်နယ်ဘက် စည်းကမ်းများကို တိတိကျကျ လိုက်နာပြီး မိမိကိုယ်တိုင်နှင့် တပ်မတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်သူများဖြစ်အောင် ကြိုးစားသွားကြရန်၊ တပ်မတော်၏အဓိကလုပ်ငန်းကြီးသုံးရပ်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရန်နှင့် လေ့လာဆည်းပူးခဲ့သည့် ပညာရပ်များကိုအခြေခံပြီး ခေတ်နှင့်အညီ ပြောင်းလဲနေသည့် စစ်နည်းဗျူဟာများနှင့် စစ်ဘက်နည်းပညာများကို လေ့လာပြီး စဉ်ဆက်မပြတ် လေ့ကျင့်သွားကြရန်၊ တပ်တွင်း၊ တပ်ပြင် စည်းရုံးရေးလုပ်ငန်းများကို ကျစ်လျစ်ခိုင်မာအောင် ညီညွတ်မျှတသည့် အုပ်ချုပ်ရေးစနစ်နှင့် မှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်၍ ရေပက်မဝင်သော စည်းရုံးရေးဖြစ်အောင် တည်ဆောက်သွားကြရန်၊ "အနာဂတ်၏စစ်ခေါင်းဆောင်" ဆိုသည့် ဆောင်ပုဒ်အတိုင်း တပ်မတော်က အားကိုးရသည့် စစ်ဘက်ခေါင်းဆောင်များဖြစ်စေရန်အတွက် ကြုံတွေ့လာနိုင်သည့် မည်သည့် အခက်အခဲများကိုမဆို ရင်ဆိုင်ကျော်လွှားပြီး ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုပုံးချို မဟာသရေစည်သူ စိုးဝင်းသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

### တွေ့ဆုံ

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုပုံးချို မဟာသရေစည်သူ စိုးဝင်းသည် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ရိပ်သာခန်းမ၌ ထူးချွန်ဆုရ ဗိုလ်လောင်းများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နောင်ဝိုးနှင့် ကျိုင်းခမ်းတပ်နယ်များသို့ သွားရောက်၍ အရာရှိ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## နိုင်ငံကိုဖျက်ဆီးလိုသူများသည် နိုင်ငံတော်၏ အဓိကထောက်တိုင်ဖြစ်သော တပ်မတော်ကို ဖြိုခွဲရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိသော်လည်း တပ်မတော်သားနှင့် မိသားစုဝင်တို့၏ ရေပက်မဝင်သော စည်းလုံးညီညွတ်မှုကြောင့် ခိုင်မာတောင့်တင်းသော Institution အဖြစ် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိ

**နေပြည်တော် ဧပြီ ၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇနီးဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် နောင်ဝိုးနှင့် ကျိုင်းခမ်းတပ်နယ်တို့ရှိ နယ်မြေခံတပ်များသို့ သွားရောက်၍ အရာရှိ၊စစ်သည်၊မိသားစုများအား သီးခြားစီ တွေ့ဆုံအမှာစကား ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နောင်ဝိုးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

### အမှာစကားပြောကြား

တွေ့ဆုံပွဲများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် လမ်းပန်းဆက်သွယ်ရေးအရ အလှမ်းကွာဝေးသော နေရာဒေသတွင် ပေးအပ်သောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြသော အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ဂုဏ်ယူကျေနပ်ပါကြောင်း၊ စစ်ဆင်ရေးနှင့်လုံခြုံရေး တာဝန်များ ထမ်းဆောင်ရင်း နိုင်ငံတော်၏ အဖိုးတန်သစ်တော သယံဇာတများအပေါ် မသမာသူများကြောင့် ဆုံးရှုံးနစ်နာမှု မရှိအောင်လည်း တစ်ဖက်တစ်လမ်းက ကာကွယ်စောင့်ရှောက်ရန်လိုကြောင်း။

တပ်မတော်သည် အမျိုးသားရေး အင်အားစုတစ်ရပ်ဖြစ်ပြီး တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်၏အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်ဟု ပြဋ္ဌာန်းထားပြီး တို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နေကြောင်း၊ နိုင်ငံတော်အပေါ် ကျရောက်လာနိုင်သော မည်သည့်အန္တရာယ်ကို မဆို ကာကွယ်တားဆီးရန် အသင့်ရှိသော တပ်မတော် ဖြစ်ကြောင်း။

### နိုင်ငံ့စီးပွားရေး အသင့်အတင့်တိုးတက်လာ

ပြည်သူလိုလားသည့် ဒီမိုကရေစီကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပေးအပ်ထားသော တာဝန်အရ နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့ရပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ကာ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း၊ ယခင် အစိုးရလက်ထက်တွင် အကြောင်း အမျိုးမျိုးကြောင့် ကျဆင်းခဲ့ရသည့် နိုင်ငံ့စီးပွားရေးကို ပြန်လည်မြှင့်တင်နိုင်ရေး နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ပြည်တွင်း ကုန်ထုတ်လုပ်မှုကို အားပေးရန် MSME အဖွဲ့များနှင့် တွေ့ဆုံ၍ အားပေးမြှင့်တင်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ နိုင်ငံ့စီးပွားရေး အခြေအနေမှာ အသင့်အတင့် တိုးတက်လာသည်ကိုတွေ့ရမည်ဖြစ်ကြောင်း။

### အထောက်အကူရရှိခဲ့

အလားတူ နိုင်ငံ၏ပညာရေး အားနည်းမှုကို မြှင့်တင်နိုင်ရန် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးနှင့် ကျောင်းနေသူအားလုံး KG+9 မဖြစ်မနေ တတ်မြောက်ရန် မူဝါဒချမှတ်ခဲ့ကြောင်း၊ ကျန်းမာရေးကဏ္ဍတွင်လည်း ကိုဗစ်-၁၉ ဒုတိယလှိုင်း ပြင်းထန်ချိန် "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ" ဟု မူဝါဒချမှတ်၍ ကုသရေးအတွက် လိုအပ်သောဆေးဝါးနှင့် အောက်ဆီဂျင်များရရှိအောင် စီမံဆောင်ရွက်ခဲ့သကဲ့သို့ ပြည်သူလူထုအားလုံး ကာကွယ်ဆေး အလုံအလောက် ထိုးနှံနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်၏ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုး/မွေးမြူရေး မူဝါဒများအပေါ် အရာရှိ/စစ်သည်၊ မိသားစုများက လိုက်ပါအကောင်အထည်ဖော်ခဲ့သဖြင့် ထွက်ရှိလာသော စိုက်ပျိုး/မွေးမြူရေးထွက်ကုန်များကြောင့် ကိုဗစ်-၁၉ ကာလ ဒေသအသီးသီးတွင် အခက်အခဲ ဖြစ်ပေါ်လျက်ရှိသော စားသောက်ရေးအပေါ် များစွာ အထောက်အကူ ရရှိခဲ့ကြောင်း၊ ထို့ကြောင့် စိုက်ပျိုး/မွေးမြူရေးကို အောင်မြင်အောင် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်နေရန်လိုကြောင်း။

အောင်မြင်သော တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများသည် ထိရောက်သော သက်သာချောင်ချိမှုဖြစ်စေကြောင်း၊ သက်သာချောင်ချိမှု ကောင်းမွန်ခြင်းဖြင့် လုပ်ငန်းတာဝန် ထမ်းဆောင်မှုအပေါ် စိတ်ဓာတ်ရေးရာအရ များစွာ အထောက်အကူ ပြုနိုင်ကြောင်း၊ စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နိုင်ရန် ဦး၊ ရေး၊ ထောက်ပင်နယန်ကို ဟန်ချက်ညီလည်ပတ်နိုင်အောင် ဆောင်ရွက်ရန်အရေးကြီးကြောင်း၊ သက်သာချောင်ချိရေးနှင့် အုပ်ချုပ်ရေး ကောင်းမွန်မှုသည် မိမိတပ်ဖွဲ့ကို ချစ်စိတ်၊ သံယောဇဉ်စိတ်ကို ဖြစ်ပေါ်စေကြောင်း၊ တပ်ဖွဲ့ချစ်စိတ်သည် စစ်ဆင်ရေးတာဝန် အပါအဝင် ပေးအပ်လာသောတာဝန်များကို အောင်မြင်ပြီးမြောက်စေနိုင်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် စွမ်းရည်ရှိသောတပ်ကို တည်ဆောက်နိုင်ရန် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄) ရပ်ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန် လိုအပ်ကြောင်း။

တပ်တွင်း စည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ တပ်၏အောင်မြင်မှု၊ ဆုံးရှုံးမှု အဆုံးအဖြတ်တွင် စည်းလုံးညီညွတ်မှုသည် အရေးကြီးကြောင်း၊ နိုင်ငံကိုဖျက်ဆီးလိုသူများသည် နိုင်ငံတော်၏ အဓိကထောက်တိုင်ဖြစ်သောတပ်မတော်ကို ဖြိုခွဲရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက် ရှိသော်လည်း တပ်မတော်သားနှင့် မိသားစုဝင်တို့၏ ရေပက်မဝင်သော စည်းလုံးညီညွတ်မှုကြောင့် ခိုင်မာတောင့်တင်းသော Institution အဖြစ် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း။

စာမျက်နှာ ၁၂ သို့ ❖




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကျိုင်းခမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ကျိုင်းခမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ဒေသထွက်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၆) သူရတပ်ခွဲ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၇**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၂၆) သူရတပ်ခွဲသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ဗထူးမြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရာထူးခန့်ထားရေး ခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး)မှ နည်းပြအရာရှိများနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင် အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်တီးဝိုင်းအဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုအား ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှု အောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကိုကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၆) သူရတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ကျောင်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

---

❖စာမျက်နှာ ၁၁ မှ

တပ်မတော်သားများ၏ လုပ်ငန်းသဘောသဘာဝအရ ခက်ခဲကြမ်းတမ်း၍ ပင်ပန်းဆင်းရဲသောရည်မှန်းချက် တာဝန်များ ထမ်းဆောင်နေရသူများဖြစ်၍ အမြဲ ကိုယ်စိတ်နှစ်ပါး ကျန်းမာကြံ့ခိုင်နေရမည် ဖြစ်ကြောင်း၊ စာဖတ်ခြင်းသည် စိတ်ဓာတ်ကြံ့ခိုင်ရန် ကြီးမားသော အထောက်အကူဖြစ်ကြောင်း၊ အဆင့်အတန်းအားလုံး ဖတ်ရှုလေ့လာနိုင်ရန် ရည်ရွယ်၍ တပ်မတော်အကြီးအကဲအနေဖြင့် တပ်မတော်ပိုင် နေ့စဉ်သတင်းစာနှင့် စာအုပ်၊ စာစောင်များ ပုံမှန်ထုတ်ဝေဖြန့်ချိပေးလျက်ရှိကြောင်း၊ ထို့ကြောင့် စိတ်ဓာတ်ကြံ့ခိုင်ရန်နှင့် အမှားအမှန်ကို ဝေဖန်ပိုင်းခြားတတ်ရန် စာကောင်းပေမွန်များကို ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ ပေးအပ်သောတာဝန်များ ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေး အတွက် စဉ်ဆက်မပျက် လေ့ကျင့်နေရန် လိုကြောင်းနှင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များကို တစ်ဦးချင်းစီက အသိစိတ်ဓာတ်ရှိစွာဖြင့် လိုက်နာလုပ်ဆောင်ရန်လိုကြောင်း ပြောကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ ရဲမေတစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ထောက်ပံ့ငွေများ ပေးအပ်**

တွေ့ဆုံပွဲများ အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ အလားတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်က ဒေသထွက်စားသောက်ဖွယ်ရာများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီးတို့က စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

**လိုက်လံနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့်တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**လိုက်လံကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရှိ ဥစားကြက်နှင့် DYL ဝက်များ မွေးမြူထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၆) သူရတပ်ခွဲ ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၇**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၆) သူရတပ်ခွဲ ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့်၊ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် မျိုးဇော်ဝင်းနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်နှင့် ကျောင်းအုပ်ကြီးတို့က စင်မြင့်တွင် နေရာယူကြသည်။ ဆက်လက်ပြီး စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)ကို ၁၉၄၆ ခုနှစ်တွင် ပြင်ဦးလွင်မြို့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁ မှ ၁၆) အထိ လည်းကောင်း၊ ၁၉၅၇ ခုနှစ်တွင် ပြင်ဦးလွင်မြို့မှ ဗထူးတပ်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇ မှ ၂၈) အထိ လည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် သင်တန်းများ ဖွင့်လှစ်ခြင်းကို ခေတ္တရပ်ဆိုင်းခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် ဗထူးတပ်မြို့မှ မော်ဘီမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကာ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၉ မှ ၈၂) အထိ လည်းကောင်း၊ ၁၉၉၁ ခုနှစ်တွင် မော်ဘီမြို့မှ ဗထူးတပ်မြို့သို့ ပြန်လည်ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၃ မှ ယနေ့)အထိ ဗိုလ်လောင်းများအား လေ့ကျင့်သင်ကြားပေးလျက်ရှိကာ အရာရှိများစွာ မွေးထုတ်ပေးလျက်ရှိသည်။



အဆိုပါ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၆)တွင် တပ်မတော်မှ စစ်သည်များနှင့် အရပ်သားဘွဲ့ရများ၊ စုစုပေါင်း ၁၆၂ ဦးတို့တက်ရောက်အောင်မြင်ခဲ့ကြသည်။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)မှ ကျောင်းဆင်းအရာရှိများအနက် အောင်ဆန်းသူရိယဘွဲ့ရရှိသူ တစ်ဦး၊ သီဟသူရဘွဲ့ရရှိသူ ၁၀ ဦး၊ သူရဘွဲ့ရရှိသူ ၉၄ ဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ချီးမြှင့်ခံရသူ ၄၁၁ ဦးအထိ ရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲအထိမ်းအမှတ် ဝန်ထမ်းများ သင်္ကြန်ယိမ်းအကပြိုင်ပွဲ ကျင်းပ



**နေပြည်တော် ဧပြီ ၇**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဒေါ်သန်းသန်းလင်းတို့နှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသော ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲအထိမ်းအမှတ် ဝန်ထမ်းများ သင်္ကြန်ယိမ်းအက ပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲကို သင်္ကြန်ရေစင်များ ပက်ဖျန်း၍ ပျော်ရွှင်စွာဆင်နွှဲကြသည်။

ဆက်လက်၍ ဝန်ထမ်းများ သင်္ကြန်ယိမ်းအက ပြိုင်ပွဲကို ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနကိုယ်စားပြု စုစုပေါင်း ယိမ်းအဖွဲ့ ၂၀ တို့က ပါဝင်ယှဉ်ပြိုင်ကြသည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ မိမိတို့မဏ္ဍပ်များအလိုက် သင်္ကြန် စတုဒိသာကျွေးမွေးဧည့်ခံကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဝန်ထမ်းများနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြပြီး ပြိုင်ပွဲတွင် ပထမဆုရရှိသော အကောက်ခွန်ဦးစီးဌာန၊ ဒုတိယဆုရရှိသော ပြည်တွင်းအခွန်များ ဦးစီးဌာန၊ တတိယဆုရရှိသော ပြည်ထောင်စုဝန်ကြီးရုံး (ရုံးအမှတ်-၂၆)၊ စတုတ္ထဆုရရှိသော ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပဉ္စမဆုရရှိသော စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာနနှင့် နှစ်သိမ့်ဆုရရှိသော ကျန်ဌာနများကို ဆုများချီးမြှင့်ကြသည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲအထိမ်းအမှတ် ဝန်ထမ်းများ သင်္ကြန်ယိမ်းအကပြိုင်ပွဲကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ အနေဖြင့် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို ချစ်ခင်မြတ်နိုးထိန်းသိမ်းနိုင်ကြစေရန်၊ ရာသီပွဲတော်အဖြစ် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ကြစေရန်နှင့် မြန်မာ့နှစ်သစ်ကိုကြိုဆိုပြီး အားမာန်အပြည့်၊ စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံ့တာဝန်များကို ကြိုးပမ်းထမ်းဆောင်ကြစေရန် ရည်ရွယ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဝန်ထမ်းမိသားစု ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ရေပက်ဖျန်းခြင်း၊ စတုဒိသာ ဧည့်ခံကျွေးမွေးခြင်း၊ သင်္ကြန်တေးသီချင်း အကအလှများဖြင့် ဖျော်ဖြေခြင်း ပျော်ပွဲရွှင်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၇**

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်မှ ၁၃၈၅ ခုနှစ်သို့ ကူးပြောင်းသည့် အချိန်အခါသမယကို ကြိုဆိုသောအားဖြင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မိသားစုမြန်မာ့ရိုးရာအတာသင်္ကြန်ရေပက်ဖျန်းခြင်း၊ စတုဒိသာဧည့်ခံကျွေးမွေးခြင်း၊ သင်္ကြန်တေးသီချင်းအကအလှများဖြင့် ဖျော်ဖြေခြင်း ပျော်ပွဲရွှင်ပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဦးစီးဌာနရုံးများ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်မှ ၁၃၈၅ ခုနှစ်သို့ ကူးပြောင်းသည့် မြန်မာ့ရိုးရာအတာသင်္ကြန် ကြိုဆိုသည့်ပွဲဖြစ်ကြောင်း၊ ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများအနေဖြင့် မင်္ဂလာရှိသော ၁၃၈၅ ခုနှစ် နှစ်သစ်တွင် ကျန်းမာပျော်ရွှင်ကြပါစေကြောင်း၊ စိတ်သစ်ကိုယ်သစ်ဖြင့် နိုင်ငံ့တာဝန်များ၊ မိသားစုတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်သူများ ဖြစ်ကြစေကြောင်း၊ ကပ်ရောဂါဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးပြီး ချမ်းသာသုခနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာများ ပို့သပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်နှင့် ဝန်ကြီးဌာနရှိ ဝန်ထမ်းမိသားစုများက မြန်မာ့ရိုးရာ အတာသင်္ကြန်ယိမ်းအကအလှများ၊ သင်္ကြန်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဦးစီးဌာန/လုပ်ငန်းများက စတုဒိသာဖြင့် ဧည့်ခံကျွေးမွေးမှုများကိုသုံးဆောင်ကာ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ အတာရေပက်ဖျန်း၍ ရင်းနှီးချစ်ခင်ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဝန်ထမ်းမိသားစုများ၏ ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်အကြို စတုဒိသာကျွေးမွေးခြင်းနှင့် ပျော်ရွှင်စွာရေကစားပွဲအခမ်းအနားသို့ တက်ရောက်အားပေး

**နေပြည်တော် ဧပြီ ၇**

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်တွင် ကျရောက်သည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ကြိုဆိုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ စတုဒိသာကျွေးမွေးခြင်းနှင့် ပျော်ရွှင်စွာ ရေကစားပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ အမြဲတမ်းအတွင်းဝန် ဦးဝဏ္ဏဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနကြီးမှူးများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ပြီး တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာအတာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းမိသားစုများ ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲစေလိုကြောင်း၊ ဝန်ထမ်းမိသားစုများအနေဖြင့် ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံ့တာဝန်များ၊ မိသားစုတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရွက်နိုင်သူများ ဖြစ်ကြစေကြောင်း၊ ဝန်ထမ်းမိသားစုများ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာသုခနှင့် ပြည့်စုံစေကြောင်း ဆုတောင်းမေတ္တာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းများကို စတုဒိသာကျွေးမွေးပြီး သပြေခက်ဖြင့် ပျော်ရွှင်စွာအတာရေပက်ဖျန်းပေးကာ ဆောက်လုပ်ရေးဝန်ကြီးဌာန သင်္ကြန်ယိမ်းအကအဖွဲ့များမှ **"မြူမှောင်ဝေကင်းသီချင်း၊ ဆောက်လုပ်ရေးမှာ ကြိုနေမယ် သီချင်းနှင့် မန်းတောင်ရိပ်ခို"**တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ယိမ်းအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ကာ ဝန်ထမ်းမိသားစုများအား ကံစမ်းမဲဖောက်ခြင်း အစီအစဉ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# သာစည်မြို့နယ်၌ မိုးကြိုချည်မျှင်ရှည်ဝါပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း အသိပညာပေး ကွင်းသရုပ်ပြ

**သာစည် ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများ မိုးကြိုချည်မျှင်ရှည်ဝါစိုက်ခင်းများတွင် ကျရောက်တတ်သည့် ပိုးမွှားရောဂါများကို စနစ်တကျဖြင့် အချိန်မီနှိမ်နင်းတတ်စေရန် (B-31) ဧက ၄၀၀ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း အသိပညာပေးကွင်းသရုပ်ပြပွဲကို ဧပြီ ၅ ရက် နံနက်ပိုင်းက အောင်သာကျေးရွာအုပ်စု ကွင်းအမှတ်(၁၈၃၉)တောင်သူ ဒေါ်ခင်မာတင့်၊ ဒေါ်သီနှင့် ဒေါ်ဖြူမတို့၏ (B-31) စိုက်ခင်းများ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဌေးဌေးက အသိပညာပေး ကွင်းသရုပ်ပြပွဲ ပြုလုပ်ရခြင်းရည်ရွယ်ချက်များ၊ မြို့နယ်အတွင်း B-31၊ ရာကာ၊ ရွှေတောင်(၈)၊ ရွှေတောင်(၁၀)စသည့် မိုးကြိုချည်မျှင်ရှည်ဝါစိုက်ပျိုးထားမှု အခြေအနေများ၊ စိုက်ခင်းများအတွင်း ကျရောက်တတ်သည့် ပိုးမွှားများကို အချိန်မီကာကွယ်နှိမ်နင်းခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ ပိုးမွှားကျရောက်တတ်သည့်အခြေအနေများ၊ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများက ပိုးမွှားရောဂါများကို စနစ်တကျဖြင့် အချိန်မီနှိမ်နင်းတတ်စေရန် အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယနေ့တွင် B-31 ဧက ၄၀၀ စိုက်ခင်းများတွင် တစ်ပြိုင်တည်း ဆေးဖျန်းလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များက စိုက်ခင်းအတွင်း ရောဂါကာကွယ်နှိမ်နင်းဆေးဖျန်းခြင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ သာစည်မြို့နယ်တွင် B-31 စိုက်ဧက ၄၀၀ ကို အောင်သာကျေးရွာအုပ်စု၌ ဧက ၁၅၀၊ မကျီးကန်ကျေးရွာအုပ်စု၌ ဧက ၁၅၀ နှင့် ရွာမွန်သာကျေးရွာအုပ်စု၌ ဧက ၁၀၀ တို့ကို စိုက်ပျိုးထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဦးစီးအရာရှိများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် (၂/၂၀၂၃) သင်တန်းဆင်းပွဲကျင်းပ




**နေပြည်တော် ဧပြီ ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်မည့် ဦးစီးအရာရှိများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် (၂/၂၀၂၃) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက် လုပ်ငန်းစဉ် (၅) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပပေးရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊

ရွေးကောက်ပွဲကော်မရှင်၏တာဝန်သည် ရွေးကောက်ပွဲကျင်းပ၍ လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ပေးရုံမျှမဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေ၏အခြေခံမူဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် အကောင်အထည်ဖော်နိုင်ရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရန် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပပြီး အရည်အချင်းရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ပေးရခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ ရွေးချယ်ပေးခြင်းဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးကဏ္ဍများ တိုးတက်ကောင်းမွန်စေပြီး အစိုးရကောင်းတစ်ရပ်ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊

လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲများ ကျင်းပပေးနိုင်ရန်အတွက်လည်း အမြဲပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ပြီး ရွေးကောက်ပွဲတစ်ခု၌ ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲပေးကြမည့် မဲဆန္ဒရှင်ပြည်သူများ အားလုံးအနေဖြင့် ရွေးကောက်ပွဲအပေါ်၌ ယုံကြည်လက်ခံကြရန် လိုသည့်အတွက် မှန်မှန်ကန်ကန် မျှမျှတတဖြစ်အောင် ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ ပြည်သူ့ဆန္ဒထင်ဟပ်သည့် ရွေးကောက်ပွဲများ ကျင်းပပေးနိုင်မည်ဖြစ်ကြောင်း။

သင်တန်းသားအရာရှိများအနေဖြင့် မြို့နယ်ရွေးကောက်ပွဲအရာရှိ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးတာဝန်များကို တာဝန်ယူထမ်းဆောင်ကြရမည်ဖြစ်သည့်အတွက် မြို့နယ်လုပ်ငန်းများအပေါ် တာဝန်ခံရမည့်သူများပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲများကျင်းပရာတွင် မြို့နယ်ကိုအခြေခံပြီး ကျင်းပဆောင်ရွက်ခြင်းဖြစ်သည့်အတွက် မြို့နယ်ဦးစီးအရာရှိများ၏ အခန်းကဏ္ဍသည် အလွန်ပင်အရေးကြီးသကဲ့သို့ တာဝန်လည်းကြီးကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် တစ်ရက်တည်းကျင်းပခြင်းဖြစ်သော်လည်း အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ရသည့် လုပ်ငန်းစဉ်များနှင့် လုပ်ငန်းပမာဏ လွန်စွာများပြားလှကြောင်း၊ မြို့နယ်တာဝန်ခံဖြစ်သည့် ဦးစီးအရာရှိများအနေဖြင့် လုပ်ငန်းစဉ်များကို တာဝန်ပေးစေခိုင်းမှ ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ကြိုတင်မြော်တွေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ နှံ့စပ်ကျွမ်းကျင်မှုရှိစွာ လေ့လာထားရန်နှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကိုလည်း မှန်မှန်ကန်ကန် မျှမျှတတနှင့် တိတိကျကျဖြစ်စေရေး အလေးအနက်ထား ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်နှင့် ဌာနအတွက် အားကိုးရသည့် လူတော်လူကောင်းများ၊ ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးတာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နှစ်သစ်ကူးမဟာသင်္ကြန်အကြိုပျော်ပွဲရွှင်ပွဲနှင့် စတုဒိသာကျွေးမွေးညှော်ခံပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ



**နေပြည်တော် ဧပြီ ၇**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် နှစ်သစ်ကူး မဟာသင်္ကြန်အကြိုပျော်ပွဲရွှင်ပွဲနှင့် စတုဒိသာကျွေးမွေးညှော်ခံပွဲ အခမ်းအနားကို ယမန်နေ့ညနေပိုင်းက အဆိုပါဝန်ကြီးဌာန မြက်ခင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာ့ရိုးရာ နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်သည် အေဒီ ၁၁ ရာစု မှ အေဒီ ၁၃ ရာစုတွင် ထွန်းကားခဲ့သည့် ပုဂံခေတ်မှစ၍ ယနေ့ခေတ်အထိ လူမျိုးဘာသာမရွေး တိုင်းရင်းသားအားလုံး ပါဝင်ဆင်နွှဲကြသည့် နှစ်သစ်ကူးရေပက်ကစားကြသော ရိုးရာပွဲတော် ဖြစ်ကြောင်း၊ ယနေ့ကျင်းပသော အခမ်းအနားသည် မြန်မာ့ရိုးရာဓလေ့ကို ဖော်ကျူးရုံသာမက ဝန်ကြီးဌာနရှိ ဝန်ထမ်းများအနေဖြင့် အလုပ်တာဝန် ထမ်းဆောင်ချိန်တွင် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသရွေ့ အားထုတ်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသကဲ့သို့ မြန်မာ့ရိုးရာနှစ်သစ်ကူး ရုံးပိတ်ရက် အခါသမယ ရောက်ရှိတော့မည့် အချိန်တွင်လည်း စိတ်လက်အပန်းပြေစွာ နှစ်သစ်အခါသမယကို ကြိုဆိုကြမည့်ဆိုသည့် ရည်ရွယ်ချက်ကောင်းဖြင့် ကျင်းပပေးခြင်းပင်ဖြစ်ကြောင်း၊ နှစ်သစ်ကိုကြိုဆိုပြီး အားသစ်မာန်သစ်ဖြင့် နိုင်ငံတော်၏ အနာဂတ်အတွက် ဝိုင်းဝန်းပြီး ဆောင်ရွက်နိုင်ကြစေရန်အတွက် သင်္ကြန်ပွဲတော်နှင့် နှစ်သစ်အခါသမယကို ကြိုဆိုကြရမည့်အချိန်ကာလဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ပြည်ထောင်စုဝန်ကြီးရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနတို့၏ မဏ္ဍပ်များမှ မြန်မာ့ရိုးရာအစားအစာများဖြင့် ညှော်ခံကျွေးမွေးပြီး ဝန်ကြီးဌာန၏ သင်္ကြန်ယိမ်းပျိုမယ်လေးများက မြန်မာ့ရိုးရာ သင်္ကြန်အကဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ အထူးဖိတ်ကြားထားသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် လက်ထောက်အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/ အမှုထမ်းများ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ နှစ်သစ်ကူးမဟာ သင်္ကြန်အကြိုပျော်ပွဲရွှင်ပွဲနှင့် စတုဒိသာကျွေးမွေးညှော်ခံပွဲ အခမ်းအနားတွင် ဝန်ကြီးဌာနရှိ ဝန်ထမ်းများအားလုံးက သင်္ကြန်သီချင်းများ သီဆိုကာ ပျော်ရွှင်စွာရေပက်ကစားကြပြီး ပါဝင်ဆင်နွှဲခဲ့ကြသည်။

**သတင်းစဉ်**

## ၂၀၂၃ ခုနှစ်၊ ကမ္ဘာ့မူပိုင်ခွင့်နေ့အထိမ်းအမှတ် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲများ ဖိတ်ခေါ်ခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနသည် ၂၀၂၃ ခုနှစ် ဧပြီ ၂၆) ရက်တွင် ကမ္ဘာ့မူပိုင်ခွင့်နေ့အခမ်းအနားကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကမ္ဘာ့မူပိုင်ခွင့်နေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သော **"Women and IP: Accelerating Innovation and Creativity" "မူပိုင်ခွင့်နှင့် အမျိုးသမီးများ၊ ဆန်းသစ်တီထွင် တို့မြှင့်တင်"** ကို အခြေခံသည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲများအား မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆောင်းပါးခေါင်းစဉ် -**"Women and IP: Accelerating Innovation and Creativity" "မူပိုင်ခွင့်နှင့်အမျိုးသမီးများ၊ ဆန်းသစ်တီထွင် တို့မြှင့်တင်"** (Pyidaungsu Font, Font Size (13), A4 (၅) မျက်နှာမှ (၇) မျက်နှာအထိ)

(ခ) ကဗျာ၊ ကာတွန်း၊ ပိုစတာ- မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် နှစ်သက်ရာခေါင်းစဉ် (**ကဗျာ**- Pyidaungsu Font, Font Size (13), A4 (၁) မျက်နှာမှ (၂) မျက်နှာအထိ) (**ကာတွန်း**-A4 Size၊ မည်သည့်ဆေးအမျိုးအစားနှင့်မဆို လက်နှင့် ဖြစ်စေ၊ ကွန်ပျူတာနှင့်ဖြစ်စေ စိတ်ကြိုက်လွတ်လပ်စွာ ရေးဆွဲနိုင်သည်။) (**ပိုစတာ** - ၁" x ၂၄" သို့မဟုတ် ၂၄" x ၃၆" သို့မဟုတ် ၂၇" x ၄၀")

(ဂ) ပြိုင်ပွဲဝင်လက်ရာများသည် ပုံနှိပ်ထုတ်ဝေထားခြင်း၊ အခြားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိရ။

(ဃ) ပထမ၊ ဒုတိယနှင့် တတိယဆုတို့ကို ချီးမြှင့်မည်ဖြစ်ပြီး ဆုရွေးချယ်မှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာအငြင်းပွားဖွယ်ရာ ဖြစ်ပေါ်လာပါက ပြိုင်ပွဲကျင်းပရေးနှင့် ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ (ဆုရွေးချယ်ရေးအဖွဲ့) ၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

(င) ကမ္ဘာ့မူပိုင်ခွင့်နေ့တွင် ဆုရရှိသူသည် လက်ရာ၏ မူလပိုင်ရှင်ဖြစ်သော်လည်း လက်ရာများအား အသုံးပြုခွင့်ကို မူပိုင်ခွင့်ဦးစီးဌာနသို့ ခွင့်ပြုပေးရမည်ဖြစ်သည်။

(စ) ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲအမျိုးအစားအလိုက် ကိုယ်တိုင်ဖန်တီးထားခြင်းဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ အမည်၊ အဘအမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ လိုင်စင်ဓာတ်ပုံ (၃) ပုံတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ပိုစတာများကို မူပိုင်ခွင့်ဦးစီးဌာန၊ ရုံးအမှတ် (၅၂)၊ နေပြည်တော် (သို့မဟုတ်) ipdept.agency@gmail.com သို့ ၂၀၂၃ ခုနှစ် ဧပြီ ၂၀ ရက် မွန်းလွဲ ၃ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။

**မူပိုင်ခွင့်ဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) ကျင်းပ

နေပြည်တော် မေ ၇

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃)ကို ယနေ့နံနက် ၉ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်အဆင့်ကော်မတီဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**အောင်မြင်မှုများ အထိုက်အလျောက်ရရှိ**

ရှေးဦးစွာ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌက အမျိုးသားအဆင့်ကော်မတီအနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးလုပ်ငန်းစဉ်များကို ကော်မတီအဆင့်ဆင့်ဖွဲ့စည်း၍ ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကြောင့် အောင်မြင်မှုများ အထိုက်အလျောက်ရရှိနေပြီဖြစ်ကြောင်း။

လုပ်ငန်းကော်မတီများ၊ ပြည်နယ်အဆင့်ကော်မတီများအနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးနှင့်စပ်လျဉ်း၍ စီမံချက်များ အသီးသီးရေးဆွဲတင်ပြရာတွင် ယာယီခိုလှုံရာစခန်းများတွင် လက်ရှိနေထိုင်သည့်ကာလအတွင်း ထောက်ပံ့ခြင်းထက် မူလနေရပ်သို့ပြန်လည်နေရာချထားရာတွင် ကူညီပံ့ပိုးပေးမည့် အစီအမံများနှင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ မီးရရှိရေး၊ မိလ္လာစနစ် အစရှိသည်များကို မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ထည့်သွင်းရေးဆွဲသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ IDP စခန်းများကို စိစစ်လေ့လာသုံးသပ်၍ အကြံပြုချက်များ ဖော်ထုတ်တင်ပြရေးအဖွဲ့အနေဖြင့် IDP စခန်းများ၏ မြေပြင်အခြေအနေ၊ စခန်းတွင်း နေထိုင်သူများ၏ နေရပ်ပြန်ရန် စိတ်ဆန္ဒ၊ နေရပ်ပြန်ရန် နှီးဆော်နိုင်သည့်အချက်များ၊ နှောင့်နှေးနိုင်သည့်အချက်များ၊ နေရပ်ပြန်နိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ဖော်ထုတ်သုံးသပ်ပြီး ကော်မတီအသီးသီးသို့ ဖြန့်ဝေပေးထားပြီးဖြစ်၍ လေ့လာကာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

လုပ်ငန်းကော်မတီများအနေဖြင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ဘဏ္ဍာရေးနှစ်အလိုက် တည်ဆောက်ပြီးစီးမှုများနှင့် ထပ်မံဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများကိုလည်း သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များနှင့်ညှိနှိုင်းပြီး လုပ်ငန်းကော်မတီဝင်ဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအဖွဲ့များအလိုက် ရန်ပုံငွေထည့်သွင်းလျာထားဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ IDP နှင့် တိုက်ပွဲရှောင်စခန်းများတွင် ရောက်ရှိနေထိုင်နေကြသူများ၏ ရပ်တည်နေထိုင်မှုကို စိစစ်လေ့လာ၍ နေရပ်သို့ပြန်လည်ပို့ဆောင်နေရာချထားပြီး စခန်းများပိတ်သိမ်းနိုင်မည့် အခြေအနေများကို ဆွေးနွေးတင်ပြရန် တိုက်တွန်းလိုကြောင်း။

အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အားလုံးပူးပေါင်းပါဝင်၍ တက်ကြွစွာဆောင်ရွက်ခဲ့မှုကြောင့် ယခင်တိုးတက်မှုများအပြင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၂) ကျင်းပခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ လက်ရှိအချိန်ထိ အိမ်ထောင်စု ၆၄၂၀ စု၊ လူဦးရေ ၂၇၉၅၇ ဦးတို့ကို မူလနေရာများသို့ ပြန်လည်ပို့ဆောင်နေရာချထားပေးနိုင်ခဲ့ပြီး IDP နှင့် တိုက်ပွဲရှောင် စခန်း/စုရပ် ၁၀၉ ခုကို ထပ်မံပိတ်သိမ်းနိုင်ခဲ့ကြောင်းနှင့် ဆက်လက်ကြိုးစား ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

**များစွာအထောက်အကူပြု**

ပြည်တွင်းနေရပ်စွန့်ခွာသူများကို မူလနေရပ်အပါအဝင် ပြန်လည်နေရာချထားသည့် နေရာများတွင် အမိအခိုကင်း၍ အဆင်ပြေစွာ ရပ်တည်နေထိုင်ရေးအတွက် စီမံဆောင်ရွက်ပေးခြင်းနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာအောင် ဘက်ပေါင်းစုံမှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးခြင်းတို့ဖြင့် လက်နက်ကိုင်ပဋိပက္ခများနှင့် လူမှုရေးပဋိပက္ခများကို လျော့နည်းပပျောက်စေနိုင်သကဲ့သို့ ဒေသတွင်း ဖွံ့ဖြိုးရေးအစီအစဉ်များ ဖော်ဆောင်နိုင်ရန်အတွက်လည်း များစွာအထောက်အကူပြုမည်ဖြစ်၍ လုပ်ငန်းကော်မတီများ၊ ပြည်နယ်အဆင့်ကော်မတီများအားလုံး အချိတ်အဆက်မိမိနှင့် ဟန်ချက်ညီညီ ထိရောက်ပီပြင်စွာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားအဆင့်ကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က နေရပ်စွန့်ခွာသူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးနေမှုအခြေအနေ၊ IDP နှင့် တိုက်ပွဲရှောင်စခန်းများတွင် အချက်အလက်ကောက်ယူခြင်းနှင့် လူမှုရေးဆိုင်ရာပံ့ပိုးမှုအခြေအနေ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ထိုးနှံသွားမည့် အစီအစဉ်များ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးနေမှုအခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် မူလနေရပ်သို့ ပြန်လည်နေထိုင်လိုသူများအတွက် လတ်တလောလိုအပ်သည်များကို ထောက်ပံ့ကူညီပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ပြည်နယ်အဆင့်ကော်မတီများနှင့် အမျိုးသားအဆင့်ကော်မတီအတွင်းရေးမှူးတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားအဆင့် ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်အဆင့်ကော်မတီများမှ တာဝန်ရှိသူများက ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးအတွက် သုံးသပ်အကြံပြုချက်များကို ဝိုင်းဝန်းဆွေးနွေးရှင်းလင်းတင်ပြကြရာ အမျိုးသားအဆင့် ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နွေရာသီအခြေခံရေကူးသင်တန်းအမှတ်စဉ် (၂/ ၂၀၂၃)သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၇

မျိုးဆက်သစ် ရေကူးအားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ နွေရာသီအခြေခံရေကူးသင်တန်း အမှတ်စဉ်(၂/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး နွေရာသီအခြေခံရေကူးသင်တန်းအမှတ်စဉ်(၁/၂၀၂၃)ကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁၇ ရက်အထိ သင်တန်းသား သင်တန်းသူ ၁၁၃ ဦး တို့ဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ယခုသင်တန်းအမှတ်စဉ်(၂/၂၀၂၃)ကို မတ် ၂၀ ရက်မှ မေ ၇ ရက်အထိ သင်တန်းသား သင်တန်းသူ ၁၂၄ ဦးတို့ဖြင့် ထပ်မံဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ကြောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ အားကစားနှင့် ကာယပညာကော်မတီတို့ပူးပေါင်းပြီး ရေကူးသင်တန်းအပြင် အခြားနွေရာသီ အခြေခံအားကစားသင်တန်းများကိုလည်း ဖွင့်လှစ်ပေးခြင်းဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ ကျန်းမာကြံ့ခိုင်မှုမြင့်မားလာစေရေးအပြင် ပြည်သူလူထုတစ်ရပ်လုံး အားကစားကို စိတ်ပါဝင်စားလာစေရေး၊ နွေရာသီကျောင်းပိတ်ရက်များ၌ ကျောင်းသားလူငယ်များအနေဖြင့် အားကစားနည်းအခြေခံများကို လေ့လာလိုက်စားခြင်းဖြင့် အချိန်ကိုအကျိုးရှိစွာ အသုံးပြုတတ်စေရေး၊ ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေးမြင့်မားသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရေးတို့ကို ရည်ရွယ်၍ နွေရာသီ အားကစားသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ အသက်(၁၂)နှစ်အောက်(အမျိုးသား/အမျိုးသမီး) ရေကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများနှင့် သင်တန်းဆင်းလက်မှတ်များကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ(ဝဲပုံ)ကလည်းကောင်း၊ အသက်(၁၂)နှစ်အထက်(အမျိုးသား/အမျိုးသမီး) ရေကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများနှင့် သင်တန်းနည်းပြများအား ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က လည်းကောင်း၊ အသက်(၁၆)နှစ်အထက်(အမျိုးသား/ အမျိုးသမီး) ရေကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများနှင့် သင်တန်းနည်းပြများအား ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသား တစ်ဦးနှင့် သင်တန်းသူ တစ်ဦးတို့က လက်ခံရယူသည်။

အဆိုပါ နွေရာသီ အခြေခံရေကူးသင်တန်း အမှတ်စဉ်(၂/၂၀၂၃)ကို နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးကန်၌ မတ် ၂၀ ရက်မှ မေ ၇ ရက်အထိ သင်တန်းသား သင်တန်းသူ ၁၂၄ ဦးတို့ဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် မေ ၇**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ရုပ်ရှင်ဆင်ဆာ အဖွဲ့ဝင်များ၊ ဗီဒီယိုဆင်ဆာ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့ တွေ့ဆုံဆွေးနွေးရခြင်းသည် ရုပ်ရှင်ရုံများတွင် ရုံတင်ခဲ့သည့် မြန်မာရုပ်ရှင်ဇာတ်ကားများ၊ နိုင်ငံခြား ရုပ်ရှင်ဇာတ်ကားများ၊ ရုပ်သံလိုင်းများမှ ထုတ်လွှင့်ပြသသည့် နိုင်ငံခြားရုပ်ရှင်ဇာတ်ကား၊ မြန်မာစာတန်းထိုး နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများနှင့် ဇာတ်လမ်းတွဲများကို ပြဋ္ဌာန်းထားသည့် ရုပ်ရှင်ဥပဒေ၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများနှင့်အညီ ပြသနိုင်ရန် ဆောင်ရွက်ပေးနေသည့် ဆင်ဆာအဖွဲ့ဝင်များနှင့် ရင်းနှီးနွေးထွေးစွာ တွေ့ဆုံခြင်းဖြစ်ပါကြောင်း။

ရုပ်ရှင်အနုပညာ ဖန်တီးမှုများသည် စိတ်ကူးဉာဏ်စွမ်းဖြင့် တီထွင်ကြံဆ ဖန်တီးရသည့် ပညာရပ်ဖြစ်၍ အချို့အနုပညာ ဖန်တီးမှုများက လွန်ကဲသည့် ဖန်တီးမှုမျိုးဖြစ်ပါက ပြည်သူများအတွက် အဆိပ်အတောက်ဖြစ်နိုင်သကဲ့သို့ တင်းကျပ်လွန်းမှုများ ရှိနေပါကလည်း အနုပညာ ဖန်တီးမှုအပိုင်းတွင် အားနည်းသွားနိုင်သည်ကို သတိပြုကြစေလိုပါကြောင်း။

**မှန်ကန်စွာ စိစစ်အကဲဖြတ်**

ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားများကို ပြည်သူများထံသို့အဆိပ်အတောက်ကင်းကင်းဖြင့် ဖျော်ဖြေတင်ဆက်နိုင်ရန်အတွက် မူလဖန်တီးထုတ်လုပ်သည့် အနုပညာရှင်များက သတိဝီရိယကြီးစွာနှင့် ဖန်တီးရန်လိုအပ်သကဲ့သို့ ဆင်ဆာအဖွဲ့ဝင်များအနေဖြင့်လည်း တော်တည့်မှန်ကန်စွာ စိစစ်အကဲဖြတ်ပေးရန် လိုအပ်ပါကြောင်း။

ဆင်ဆာ အဖွဲ့ဝင်များသည် ဇာတ်ကားများကိုစစ်ဆေးရာတွင် ရုပ်ရှင်ဥပဒေ၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပြဋ္ဌာန်းချက်ပါ အခြေခံ၍ စစ်ဆေးရသည့် နိုင်ငံရေး၊ ဘာသာရေး၊ တိုင်းရင်းသားချစ်ကြည်ရေး၊ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေး၊ ရက်စက်ကြမ်းကြုတ်မှုများ ပါဝင်မှုမရှိစေရေးနှင့် ကာမရာဂလှုံ့ဆော်မှုများ ပါဝင်မှုမရှိရေးဆိုသည့် စည်းကမ်းချက် ခြောက်ချက်နှင့်အညီ စစ်ဆေးဆောင်ရွက်နေရပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

ဆင်ဆာအဖွဲ့ဝင်များအနေဖြင့် တင်ပြလာသော ဇာတ်ကားများအား ပြည်သူများအတွက် အဆိပ်အတောက် မဖြစ်စေရေးအတွက် လွတ်လပ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဆင်ခြင်တုံတရားပြည့်ဝမှုတို့ဖြင့် ထိန်းသိမ်းစစ်ဆေးပေးခြင်း၊ မိမိနှင့်သက်ဆိုင်သော ဘာသာရပ်အလိုက် အသေးစိတ် စိစစ်ထောက်ညွှန်ခြင်း၊ အကြံပြုပေးခြင်းတို့ကို တွေ့မြင်ရသည့်အတွက် ရုပ်ရှင်အနုပညာအပေါ် လေးစားမြတ်နိုး တန်ဖိုးထားသူများဟု မှတ်ယူထားပါကြောင်း။

ဆင်ဆာအဖွဲ့က လေးလတာကာလအတွင်း မြန်မာရုပ်ရှင်ဇာတ်လမ်းအပိုဒ် ၂၀၊ မြန်မာရုပ်ရှင်ဇာတ်ကား ကိုးကား၊ နိုင်ငံခြားရုပ်ရှင်ဇာတ်ကား ၃၈ ကား၊ မြန်မာဗီဒီယိုဇာတ်ကား ၁၀ ကား၊ ကာရာအိုကေ တစ်ကား၊ ရုပ်သံလိုင်းများတွင် ထုတ်လွှင့်ပြသသည့် နိုင်ငံခြားဇာတ်ကား (မြန်မာစာတန်းထိုး) ၇၇၆ ကား၊ နိုင်ငံခြားဇာတ်လမ်းတွဲ (မြန်မာစာတန်းထိုး၊ မြန်မာနောက်ခံစကားပြော) ၅၇ ကား၊ မြန်မာဇာတ်လမ်းတွဲ ၃၅ ကား၊ Documentary ၂၃ ကား၊ မြန်မာရုပ်သံဇာတ်ကား ငါးကားတို့အား စိစစ်ပေးခဲ့သည့်အတွက် စုစုပေါင်း ကြာမြင့်ချိန် ၃၀၇၅ နာရီခန့်ထိ အချိန်ပေးစိစစ်ခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း။

ယခုကဲ့သို့ ကိုယ်စွမ်းဉာဏ်စွမ်းစိုက်ထုတ်၍ ရုပ်ရှင်အနုပညာလောက ကောင်းမွန်စွာ ရပ်တည်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု ကူညီဆောင်ရွက်ပေးနေသည့် ဆင်ဆာအဖွဲ့ဝင်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ဆင်ဆာအဖွဲ့ဝင်များ အနေဖြင့်လည်း ကြည့်ရှုစစ်ဆေးရာ၌ တွေ့ကြုံရသည့် အခက်အခဲများ၊ လိုအပ်ချက်များ၊ အကြံပြုချက်များရှိပါက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းဥက္ကဋ္ဌ ဦးရဲနိုင်စိုးတို့က ရုပ်ရှင်နှင့် ဆင်ဆာလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရုပ်မြင်သံကြား ထုတ်လွှင့်နေမှုအခြေအနေနှင့် အွန်လိုင်းမီဒီယာ စည်းကမ်းတကျ ဖြစ်စေရေးအတွက် ထိန်းကျောင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာသူများ၏ ဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ပြုလုပ်သည့် မြန်မာ့ရိုးရာ အတာသင်္ကြန် ပွဲတော်သို့ တက်ရောက်ပြီး "ပိတောက်နှင့်အတူ" တေးဂီတဖျော်ဖြေပွဲတွင် ပါဝင်သီဆိုကြမည့် အနုပညာရှင်များနှင့် ဖိတ်ကြားထားသော အနုပညာရှင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများနှင့် တက်ရောက်လာကြသည့်ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ သပြေခက်ဖြင့် အပြန်အလှန် ရေပက်ဖျန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း "ပိတောက်နှင့်အတူ" တေးဂီတဖျော်ဖြေပွဲသို့ တက်ရောက်လာကြသူများအား မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ သပြေခက်ဖြင့် ရေပက်ဖျန်းစဉ်။

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော် မေ ၇**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော် (အထီး)လေး တစ်စီးအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်လေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် ရှစ်လခွဲသားအရွယ်တွင် အရပ်အမြင့် ၃ ပေ ၄ လက်မ၊ ကိုယ်လုံးလုံးပတ် ခြောက်ပေ၊ ကိုယ်အလေးချိန် ပေါင် ၄၅၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက် ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၉၈၇ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၇-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆-၄-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီမှ (၇-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၉၈၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂)ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၀၀,၄၂၅)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၀၉၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း(၆၁၄,၅၉၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ၂၀၂၃ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ




**နေပြည်တော် ဧပြီ ၇**

၂၀၂၃ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အမှာစကားပြောကြားရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(World Health Organization) ကို ၁၉၄၈ ခုနှစ် ဧပြီ ၇ ရက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ရာ ယခုနှစ် ၂၀၂၃ ခုနှစ် ဧပြီ ၇ ရက်တွင် အဖွဲ့ကြီးတည်ထောင်ခဲ့သော သက်တမ်း(၇၅)နှစ်ပြည့်မြောက်ခဲ့ပြီး စိန်ရတုတိုင်ခဲ့ပြီဖြစ်ကာ မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် စတင်ပါဝင်ခဲ့ကြောင်း။

ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ် ၁၉၅၀ ပြည့်နှစ်မှ စတင်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး စတင်တည်ထောင်ခဲ့သည့်နေ့ဖြစ်သော ဧပြီလ ၇ ရက်နေ့ကို သတ်မှတ်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နှစ်စဉ်နှစ်တိုင်း အဆိုပါနေ့ရက်ကျရောက်တိုင်း ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ဆိုင်ရာ အခမ်းအနားများနှင့် လှုပ်ရှားမှုများကို ဆောင်ရွက်လေ့ရှိကြောင်း။

**အဓိပ္ပာယ်ပြန်ဆိုထား**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး တည်ထောင်သည့် (၇၅)နှစ်မြောက်ဖြစ်သော ယခုနှစ်တွင် ရည်မှန်းချက်ဆောင်ပုဒ်အဖြစ် “Health for All” ဟု သတ်မှတ်ထားပြီး မြန်မာဘာသာဖြင့် “လူတိုင်း သက်ရှည်ကျန်းမာဖို့ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်စို့” ဟူ၍ အဓိပ္ပာယ်ပြန်ဆိုထားကြောင်း။

ယခုနှစ် ဆောင်ပုဒ်အဖြစ် အလေးထားတင်ပြလိုသည့်အချက်မှာ လူတိုင်းရောဂါဘယကင်းရှင်းပြီး ကျန်းမာစွာဖြင့် လူ့သက်တမ်းစေ့နေနိုင်ရေးအတွက် အရည်အသွေးပြည့်ဝသော အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို အသက်အရွယ်မရွေး၊ နေရာဒေသမရွေး လူတိုင်းလက်လှမ်းမီရရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကာ ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ ငွေကြေးကုန်ကျမှုသက်သာစေရန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုဆိုင်ရာရည်မှန်းချက် အမှတ်စဉ်(၃)ဖြစ်သည့် ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိရာမှ လူတိုင်းအသက်အရွယ်မရွေး ကျန်းမာရေးနှင့်သာယာဝပြောရေးကို ရရှိစေရေးအတွက်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၁၂)ရပ်တွင် လူမှုရေးဦးတည်ချက်များအနက် တတိယအချက်အနေဖြင့် “နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ် ဖြစ်ပေါ်လာရေး” ကို သတ်မှတ်ထားရှိရာတွင် အဆိုပါဦးတည်ချက် ရရှိရောက်ရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အဓိကတာဝန်ရှိသည့် ဝန်ကြီးဌာနဖြစ်ပြီး ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ အပါအဝင် နီးနွယ်ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ စသည့် အားလုံးပူးပေါင်းပါဝင်သော ကျန်းမာရေးမူဝါဒ၊ ကျန်းမာရေးစနစ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှု၊ လမ်းညွှန်မှုကိုခံယူ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**ဝန်ဆောင်မှုပေး**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ရာ၌ ရောဂါကာကွယ်နှိမ်နင်းရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ရေးအတွက် ဘဝတစ်သက်တာ ကျန်းမာရေးစောင့်ရှောက်မှုပုံစံ(life cycle approach) ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်လျက်ရှိခြင်း၊ အရည်အသွေးပြည့်ဝသော ကုသစောင့်ရှောက်မှုများကို ဆေးရုံစုစုပေါင်း ၁၁၇၈ ရုံဖြင့် ဆောင်ရွက်လျက်ရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ အသက်သွေးကြောသဖွယ်ဖြစ်သော ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ စနစ်တကျမွေးထုတ်ခြင်း၊ ကျန်းမာရေးစနစ် တောင့်တင်းခိုင်မာရေးအတွက် အထောက်အကူပြုသုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိခြင်း၊ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင်နေထိုင်သည့် ၇၀ ရာခိုင်နှုန်းသော ပြည်သူများ၏ အားကိုး၊ အားထားရာတစ်ခုဖြစ်သော မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူလူထု၏ အခြေခံကျန်းမာရေးကို ထိရောက်စွာ စောင့်ရှောက်ပေးလျက်ရှိခြင်း၊ နေ့စဉ်သုံးစွဲနေရသည့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိခြင်းနှင့် အစားအသောက်နှင့် ဆေးဝါးဆိုင်ရာလုပ်ငန်းများသည် နိုင်ငံတော်က အထူးအားပေး ဆောင်ရွက်လျက်ရှိသည့် MSME ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိ၍ အဆိုပါလုပ်ငန်းများကို မြန်ဆန်၍ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးဦးစားပေး၍ ဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊

**ပိုမိုအောင်မြင်လာစေရေး**

ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့တွင် (၂၀၂၂)ခုနှစ်အတွင်း ပြည်သူ့ကျန်းမာရေးလုပ်ငန်း စွမ်းဆောင်ရည် အကောင်းဆုံးဆုရ မြို့နယ် သုံးခုနှင့် (၂၀၂၂) ခုနှစ်အတွက် စံပြဆေးရုံဆု သုံးခုကို ရွေးချယ်၍ ဆုချီးမြှင့်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဆုရမြို့နယ်များနှင့် စံပြဆေးရုံများ၏ လုပ်ငန်းဆောင်ရွက်မှုများကို စံနမူနာအဖြစ်သိရှိ၍ အခြားသူများက လိုက်ပါဆောင်ရွက်ခြင်းဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသည် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ယခုထက် ပိုမိုအောင်မြင်လာစေရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်ဗီဒီယိုကိုပြသခဲ့ပြီး ပြည်သူ့ကျန်းမာရေးလုပ်ငန်း စွမ်းဆောင်ရည်အကောင်းဆုံးမြို့နယ်ဆုနှင့် စံပြဆေးရုံဆုများအား ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် ပြခန်းငယ်အား ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းတို့မှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သတင်းစဉ်**





## တနင်္သာရီမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက မြိတ်-တနင်္သာရီ ပြည်ထောင်စုလမ်းရှိ တံတားအမှတ် ၃/၅၀၆ သံကူကွန်ကရစ်တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် မေ ၇**

ဒေသအတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူမြန်ဆန်စေရေးအတွက် အခြေခံအဆောက်အအုံဖြစ်သည့် လမ်း/တံတားများ ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ PDF အမည်ခံ အကြမ်းဖက်သမားများက လမ်း/တံတားများအား လက်လုပ်မိုင်း၊ လက်လုပ်ဗုံးများဖြင့် မိုင်းထောင်ဖောက်ခွဲ၊ တိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရားနည်းပါးစွာဖြင့် ကျူးလွန်ပြုလုပ်လျက်ရှိသည်။

**နိမ့်ကျပျက်စီး**

ထိုသို့ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိရာ မေ ၆ ရက် နံနက် ၆ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ရမ်းဖိုကျေးရွာအနီး မြိတ်-တနင်္သာရီ ပြည်ထောင်စုကားလမ်း မိုင်တိုင်အမှတ် ၅၀၅ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြားရှိ တံတားအမှတ် ၃/၅၀၆ သံကူကွန်ကရစ်တံတားအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ပေါက်ကွဲမှုကြောင့် အလျား ပေ ၉၀၊ အကျယ် ပေ ၃၀ ခန့်ရှိ အဆိုပါတံတား၏ ယာဉ်ဘက်ခြမ်း အကျယ် တစ်ပေခွဲခန့်နှင့် တံတားကြမ်းခင်းအလယ် အရှည် ပေ ၂၀ ခန့်တို့တွင် နှစ်လက်မခန့် နိမ့်ကျပျက်စီးခဲ့ကြောင်း သိရသည်။

**ဆောင်ရွက်လျက်ရှိ**

ထိုသို့ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် သံကူကွန်ကရစ်တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

